www.burmeseclassic.com



# ဒေဂဃကြျး

မိစ္ဆာမုဆိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းအရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ဒေဝစကြာ

မိစ္ဆာမှုဆိုး

www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာမုဆိုး

(ပါဝင်သည့်အခန်းများ)

၁။ မမေ့ရက်နိုင်သည့်နေ့တစ်နေ့
၂။ အရှင်လတ်လတ် မြေမြှုပ်ခံရသူ
၃။ ခြောက်လှန့်နေသော မိစ္ဆာမ
၄။ သေခြင်းတရား၏နောက်ကွယ်၌
၅။ မြေတိုက်ခန်း၏ လျှို့ဝှက်ချက်
၆။ ဓါတ်ပုံထဲက တစ္ဆေ
၇။ ပျောက်ဆုံးနေသော ကွင်းဆက်
၈။ ခေါင်းထဲကအလောင်း
၉။ မိစ္ဆာနိဂုံး



ကလေးဆိုတာ လိပ်ပြာငယ်သည်။ ဒီတော့ ခြောက်လှန့်ဖို့ လွယ်ကူသည်။ အကြောက်အလန့်များသည်။ အဆင်မသင့်လျှင် ...

## (၁) မမေ့ရက်နိုင်သည့်နေ့တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



## (၁) မမေ့ရက်နိုင်သည့်နေ့တစ်နေ့

ခင်ဖုန်းလတ်အတွက် ယနေ့သည် ထူးခြားသောနေ့တစ်နေ့ဖြစ်သည်။ သူ့၏အသက်(၁၈)နှစ် ပြည့်မြောက်သောနေ့။ သူအိပ်ယာထဲမှာ စောစောနိုးလာကာ မွေးနေ့ကို ရင်ခုန်နေမိသည်။ အစ်မဖြစ်သူခင်ဖုန်းမြတ်က မွေးနေ့လက်ဆောင်အဖြစ်၊ လှပသောစပရင်တာ ခိမ်ခုံကားဖြူလေးတစ်စီး ဝယ်ပေးသောကြောင့် ဖြစ်သည်။ မနေ့ကပင် ဤကားကလေးက အိမ်ကို ရောက်နေသည်။ သို့သော် ဒီနေ့မွေးနေ့ကျမှ စီးရ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မောင်းရမည်ဆိုသည်အတွက်၊ တစ်ညလုံးအိပ်မပျော်။ အိပ်ပျော်တော့လည်း ဤကားကလေးကို အိမ်မက်ထဲထည့်မက်နေတော့သည်။ တောင်ပေါ်လမ်းတစ်လျှောက် ကားကို အရှိန်ပြင်းစွာမောင်းနှင်သွားခဲ့သည်။ လေက တဟူးဟူးတိုက်ခတ်နေသဖြင့် လည်ပင်းတွင်ချည်နှောင်ထားသည့် ပိုးပုဝါနီနီကလေးမှာ လေထဲတွင် ကြွက်မြီးတန်းကာ၊ တလွန့်လွန့် တဖျတ်ဖျတ်ဖြစ်နေ၏။

တကာယ်သာရလိုက်လျှင်လည်း သူကဤကားကလေးကို စက်ကုန်ဖွင့်မောင်းလိုက်ချင်၏။ ကောင်းကင်ယံလေထုထဲမှာ ငှက်ကလေးတစ်ကောင် တောင်ပံဖြန့်ဝဲကာ ပျံသန်းနေသလို။

"လတ်လတ် မထသေးဘူးလား"

အစ်မဖြစ်သူ ခင်ဖုန်းမြတ်က အိပ်ခန်းထဲဝင်လာကာမေးသည်။ ခင်ဖုန်းမြတ်နှင့်သူနှင့်က အထက်အောက်ဆိုသော်လည်း (၇) နှစ်မျှကွာခြားသည်။ ခင်ဖုန်းမြတ်က ၂၅နှစ်ပြည့်ခဲ့ပြီ။ သို့သော်လည်း အလှချင်းပြိုင်လျှင်ပင် သူရှုံးလိမ့်မည်ထင်ရ၏။ သူတို့နှစ်ယောက်လုံး တစ်ယောက်တစ်မျိုးစီလှကြသည်မှာ မှန်ပါ၏။ ရှမ်းသွေးစပ်သဖြင့် သူတို့အသားအရည်က ဝင်းဝါနေသည်။ ဒါကြောင့် မျက်ခုံးနက်နက်၊ မျက်ဝန်းနက်နက်တို့က ဆေးဖြင့်ရေး





ထားသကဲ့သို့ မျက်နှာတွင်ထင်ထင်ရှားရှား ပီပြင်ပေါ်လွင်နေ၏။ နှုတ်ခမ်းနှင့် ပါးမို့မို့တို့ကလည်း ဆေးမဆိုးဘဲ ပန်းနုရောင်ပြေးနေသည်။ ခင်ဖုန်းလတ်က (၁၈)နှစ်အရွယ်ဖြစ်သဖြင့် နုပျိုမှုက ပိုသယောင်ရှိသော်လည်း၊ ခင်ဖုန်းမြတ်ကအလှက ရင့်ကျက်ခြင်းနှင့်ပေါင်းစပ်ကာ၊ ပိုမိုပြည့်စုံသကဲ့သို့ဖြစ်နေလေသည်။

ခင်ဖုန်းမြတ်ကား တစ်သားမွေး တစ်သွေးလှသူဟုဆိုနိုင်သည်။ သူ့တွင် (၃) နှစ်အရွယ် ကေသီဆိုသော သမီးကလေးတစ်ယောက် ရှိနေသည်ဆိုလျှင်၊ အကြောင်းမသိသူတွေအတွက် ယုံနိုင်စရာမရှိ။ တစ်ခုတော့ရှိသည်။ ဥစ္စာမနကြွယ်ဝချမ်းသာခြင်းကလည်း အလှကို ကြီးစွာ အထောက်အကူပြုပံ့ရသည်။ ခင်ဖုန်းလတ်တို့မိဘတွေလက်ထက်ကတည်းက ကျောက်မျက်ရတနာအရောင်းအဝယ်ဖြင့် ကြွယ်ဝချမ်းသာခဲ့သည်။ ခင်ဖုန်းမြတ်ကို ဝင်းထွဋ်နှင့် လက်ထပ်သောအခါ ရတနာရှိရာ ရတနာစုဆိုသကဲ့သို့ ပို၍ကြွယ်ဝလာခဲ့သည်။ ကိုဝင်းထွဋ်တို့က နဂိုကတည်းက ကော်ဖီခြံလုပ်ငန်းကို အမြောက်အမြားပိုင်ဆိုင်သူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် တက္ကသိုလ်တက်စဉ်ကြုံတွေ့ကြကာ ချစ်သူဘဝရောက်ခဲ့ကြသည်။နှစ်ဖက်မိဘတွေက သဘော



www.burmeseclassic.com

www.burmeseclassic.com



တူပေးစားခဲ့သဖြင့် ပန်းခင်းသောလမ်းဟုဆိုနိုင်၏။တစ်ယောက်ကိုတစ်ယောက် အတော်ပင်ချစ်ခင်ကြသည်ကို အေးကမြင်ရုံဖြင့်သိနိုင်လေသည်။ ကိုဝင်းထွဋ်ကား အသားအနည်းငယ်ညိုသော်လည်း ရင်အုပ်ကားကား၊ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသောရုပ်ရည်ရှိသူဖြစ်၏။ စိတ်ထားတည်ကြည်ပုံရကာ၊ ဇနီးနှင့် သမီးကိုလည်း ချစ်ခင်ဂရုစိုက်၏။ သာယာချမ်းမြေ့သော မိသားစုလေး တစ်ခုဟု ခေါ်နိုင်သည်။

ခင်ဖုန်းလတ်တို့မှာ မိဘနှစ်ပါးလုံးမရှိတော့။ လွန်ခဲ့သော (၅) နှစ်ခန့်က မိုးတွင်းကာလညတစ်ညတွင် အဖေမောင်းလာသောကားသည် တောင်ပေါ်လမ်းမှချောက်ထဲသို့ လမ်းချော်ကျရာ၊ ကားပေါ်တွင်အတူပါလာသည့် အမေပါနှစ်ဦးလုံးကွယ်လွန်အနိစ္စရောက်၍သွားခဲ့ကြသည်။ ထိုအဖြစ်မဖြစ်ပွားမီ (၆)လခန့်က ခင်ဖုန်းလတ်မိဘများသည် ကျောက်အောင်ခဲ့သည်။ ရှားပါးကာ တန်ဖိုးကြီးမား၍ ရခဲလှသည့် ကျောက်တစ်လုံးရကာ အကျိုးအမြတ်များစွာရခဲ့၏။ အများက ထိုကျောက်မျိုးကို နိုက်တတ်သည်ဟု ဆိုကြသည်။ မပြေးသော်ကန်ရာရှိ။ ယခုကဲ့သို့ ဆိုးဝါးလှသည့် ကားမတော်တဆမှု ကြုံသောအခါထိုကျောက်ကပင်





မကောင်းကျိုးပေးသည်ဟု မှတ်ချက်ချခဲ့ကြလေသည်။

မိဘနှစ်ပါးမရှိသောအခါ ခင်ဖုန်းမြတ်ကပင်ညီမဖြစ်သူအား မိဘသဖွယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသည်။ သူတို့ညီအစ်မနှစ်ဦးမှာ နဂိုကပင်ချစ်ခင်ကြသည်။ ယခုကဲ့သို့ လောကအလယ်တွင် တွယ်တာစရာသွေးချင်းဟူ၍ နှစ်ဦးတည်းရှိကြသောအခါ ပို၍ပင် ချစ်ခင်ရင်းနှီးလာကြသည်ဟု ဆိုနိုင်လေသည်။ ကိုဝင်းထွဋ်ကလည်း သဘောထားကြီးသူဖြစ်ရာ၊ လူပိုတစ်ယောက်ရှိသည်ဟု ခင်ဖုန်းလတ်အပေါ် ဘယ်တုန်းကမှ မငြိုငြင်ခဲ့ဖူးသဖြင့် အံဆင်ပြေလှသည့်မိသားစုပင် ဆိုရပေတော့မည်။ သူတို့အိမ်တွင် တစ်ဦးတည်းသော်ကလေးငယ်ဖြစ်သည့် ကေသီကလေးကိုလည်း လူကြီးသုံးဦးလုံးကပင် ဝိုင်းဝန်းစုပုံချစ်နေကြလေရာ ကေသီကလေးမှာ အိမ်ဆည်းလဲကလေးပင် ဖြစ်နေလေတော့သည်။

ဝင်းထွဋ်တွင် သူငယ်စဉ်ကပင် စောင့်ရှောက်လာသည့် ဦးတာအိုဆိုသော အဘိုးအိုတစ်ယောက်ရှိ၏။ အဘိုးကြီးမှာ အင်မတန် အေးအေးဆေးဆေးနေတတ်သည့် ရှေးလူကြီးတစ်ဦးဖြစ်သဖြင့် လူငယ်တွေကိစ္စထဲ ဝင်ရှုပ်လေ့မရှိချေ။ ထို့ကြောင့် ခင်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



လတ်သည် အဘိုးအဘွားအရင်းတွေရှိသည့် ရန်ကုန်တိုက်တွင်ပင် မနေဘဲ ခင်ဖုန်းမြတ်တို့နှင့်အတူ ပျော်ပျော်ကြီးနေနေခြင်းဖြစ်လေသည်။

"ကဲ … ကော်ဖီသောက်ပြီးရင် သွားကြရအောင်"

ခင်ဖုန်းမြတ်က ခင်ဖုန်းလတ်ကို ဆော်ဩလိုက်၏။

ဒီနေ့ သူတို့နှစ်ယောက် ကွယ်လွန်သူမိဘများရှိ အုတ်ဂူများကို သွားကန်တော့ဖို့ အစီအစဉ်တွေဆွဲထား၏။ ကေသီလေးက သူလည်းလိုက်မယ်ဆိုသော်လည်း …

"သင်္ချိုင်းဆိုတော့ ကလေးငယ်ငယ်တွေ ခေါ်သွားဖို့မကောင်းဘူး"

ဟုကိုဝင်းထွဋ်က အကြံပေးသဖြင့် ထားပစ်ခဲ့ကြသည်။ လမ်းတွင် ကားမောင်းလာရင်း ခင်ဖုန်းမြတ်က …

"သမီးကလေးကလိုက်ချင်လို့ ခြံထဲမှာငေးကြည့်နေရင်း ကျန်ခဲ့ရှာတယ်။ စိတ်မကောင်းဖြစ်လိုက်တာ"

ဟုညည်း၏။ ခင်ဖုန်းလတ်က …

"အစ်ကိုဝင်းထွဋ်ပြောတာ မှန်ပါတယ်။ ဒီနေရာက ကလေးတွေခေါ်လာဖို့ ကောင်းတဲ့နေရာမဟုတ်ပါဘူး"





ဟုတ်တော့ဟုတ်သည်။ ကလေးဆိုတာက လိပ်ပြာငယ်သည်။ ဒီတော့ ခြောက်လှန့်ဖို့လွယ်ကူသည်။ အကြောက်အလန့်များသည်။အဆင်မသင့်လျှင် ဖျားနာတတ်သည်။ ခေါ်လာပြီးမှ တစ်ခုခုဖြစ်လျှင်မကောင်း။

သင်္ချိုင်းရောက်တော့ သူတို့မိဘများ၏ အုတ်ဂူနှစ်ဂူကို အမှိုက်သရိုက်များသန့်စင်ကာ နှင်းဆီဖြူပန်းစည်းချ၍ ညီအစ်မနှစ်ယောက်လုံးကား ကန်တော့ကြ၏။ နှစ်ဦးလုံးသည် ကွယ်လွန်သူမိဘနှစ်ပါးကို အမှတ်ရကာ မျက်ရည်လည်နေကြသည်။ မိဘနှစ်ပါးသည် ကွယ်လွန်သည့်အချိန်အထိ သူတို့အပေါ်ဝတ္တရားကျေကာ ကောင်းမွန်ခဲ့သောမိဘများဖြစ်သည်။

သင်္ချိုင်းလေးမှာ သန့်ရှင်းသပ်ရပ်၍ အေးချမ်းတိတ်ဆိတ်သည်။ မြက်ခင်းစိမ်းစိမ်းကလေးတွေ မြေအပြင်တွင် ညီညီညာညာပေါက်နေကြသည်။ လေအေးအေးတွင် အနီးရှိတောအုပ်အတွင်းမှ ပျံ့လွင့်လာသော ကျေးငှက်သံသာသာကို မတိုးမကျယ်ကြားနေရ၏။ ခင်ဖုန်းမြတ်က ကတ္တီပါဖုံးထားသော အနီရောင်ဗူးကလေးတစ်ဗူးကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ … ခင်ဖုန်းလတ်ကို ဖွင့်ပြခဲ့၏။ အထဲတွင် ဆင်တူရွှေဆွဲကြိုးလေးနှစ်ကုံး။ ထိုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အသည်းပုံရွှေဆွဲပြားလေးအထိ တူညီနေသည်။ ဆွဲပြားလေးတစ်ခုပေါ်တွင် 'မြတ်' ဟုရေးထားပြီး၊ ကျန်ဆွဲပြားလေးတစ်ခုပေါ်တွင် 'လတ်' ဟုရေးထား၏။ ခင်ဖုန်းမြတ်က ...

"ဒါ တို့ညီအစ်မနှစ်ယောက်အတွက်ပေါ့"

ခင်ဖုန်းလတ်က ကိုယ့်နာမည်ပါသောဆွဲကြိုးကလေးကို ကိုယ်ယူရမည်ဟု ထင်ခဲ့၏။ သို့သော် ... ခင်းဖုန်းမြတ်စိတ်ကူးက တစ်မျိုး။

"မမမြတ်ရဲ့ နာမည်ပါတဲ့ဆွဲကြိုးကလေးကို ညီမလေးကယူ။ ညီမလေးနာမည်ပါတဲ့ဆွဲကြိုးကို မမမြတ်ယူမယ်။ အပြန်အလှန်ချစ်မြတ်နိုးတဲ့ သဘောပေါ့။ ဒီဆွဲကြိုးကို တို့ညီအစ်မနှစ်ယောက် တစ်သက်လုံးသေတဲ့အထိ မဖြုတ်တမ်း လည်ပင်းမှာဆွဲထားကြေးနော်"

"ဟုတ်ကဲ့ပါ မမမြတ်"

ခင်ဖုန်းမြတ်က သူ့အစ်မစိတ်ကူးကို သဘောကျ၍သွား၏။ ခင်ဖုန်းမြတ်က သူ့နာမည်စာလုံးပါသော ရွှေဆွဲကြိုးလေးကို ခင်ဖုန်းလတ်၏လည်ပင်းမှာ သူကိုယ်တိုင်ဆွဲပေး၏။ ခင်ဖုန်းလတ်ကလည်း သူ့နာမည်ပါသောဆွဲကြိုးကလေးကို ခင်ဖုန်းမြတ်





လည်ပင်းတွင် ကိုယ်တိုင်ဆွဲပေး၏။ ပြီးတော့ သူတို့ညီအစ်မ သေတပန်သက်တဆုံး မချွတ်တမ်း ဆွဲထားကြမည်ဟု ကတိပြုကြ၏။ ညီအစ်မနှစ်ဦး တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားလိုက်ကြသည်။

"အဖေနဲ့အမေက ခုလိုစောစောစွန့်ခွာသွားမယ်ဆိုတာ သိရရင် မမမြတ် အိမ်ထောင်မပြုပါဘူး လတ်လတ်ရယ်။ ညီမလေးနဲ့ပဲ အတူတူနေမယ်"

ခင်ဖုန်းမြတ်အိမ်ထောင်ပြုပြီးနောက် (၂)နှစ်အကြာတွင် မိဘများကွယ်လွန်ခဲ့ကြသည်။ ခင်ဖုန်းလတ်က ...

"အခုလည်း ဘာမှမထူးပါဘူး မမမြတ်ရယ်။ လတ်လတ်တို့ အတူနေနေရတာပဲဟာ"

ဟုနှစ်သိမ့်စကားပြောလိုက်၏။ အပြန်တွင် ကားရပ်ထားရာ နေရာအနားရောက်သောအခါ ...

"မမမြတ် လတ်လတ်မောင်းမယ်"

"မောင်းလေ ..."

သူတို့စီးလာသောကားမှာ ခင်ဖုန်းလတ်အတွက် ခင်ဖုန်းမြတ်က မွေးနေ့လက်ဆောင် ဝယ်ပေးခဲ့သော ကားသစ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တကယ်တော့ ဒီကားသစ်ကလေးကို အိမ်ကို ယူဆောင်လာသည့် မြင်စနေ့ကပင် ခင်ဖုန်းလတ်က မောင်းချင်နေတာ၊ သူ့လက်ထဲရောက်လာအောင် အောင့်အည်းစောင့်ဆိုင်းနေခဲ့ရ၏။ အခုတော့ ...

ခင်ဖုန်းမြတ်က အလွယ်တကူခွင့်ပြုလိုက်သည်။ သူ့ညီမလေး မြူးပျော်ရွှင်ပြနေသည်ကို မြင်ကာ သူလည်း ကြည်နူးပီတိဖြစ်နေသည်။ တောင်ပေါ်လမ်းတွင်အရှိန်ဖြင့် မောင်းနှင်လာခဲ့သည်။ ခင်ဖုန်းလတ်သည် ညကအိမ်မက်ကို သတိရသည်။ သူသည် အိမ်မက်ကမ္ဘာထဲရောက်နေသည်ဟု ခံစားနေရ၏။ ခင်ဖုန်းမြတ်က ...

"ညီမလေး အရှိန်နည်းနည်းလျှော့ဦး"

ဟု သတိပေးလိုင်၏။ မျက်နှာပေါ်တွင် စိုးရိမ်စိတ်၏ အရိပ်အယောင်ကို တွေ့ရသည်။ ခင်ဖုန်းလတ်က သူ့အစ်မ မကြောက်ရွံ့စဖူးကြောက်ရွံ့နေတာမြင်ရတော့ ရယ်ချင်သွား၏။ သူ့အစ်မကို စ,ချင်တဲ့စိတ်ရတ်တရက် ရင်ထဲတွင်ပေါ်လာသည်။ သူနှင့်သူ့အစ်မသည် ယခင်က တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ကာ နေ နေကျဖြစ်သည်။ အစ်မအိမ်ထောင်ကျသော





အခါကျတော့ ဤဓလေ့က ပျောက်ကွယ်သွားသည်။ ခင်ဖုန်းမြတ်သည် ညီမဖြစ်သူထက် ခင်ပွန်းနှင့်ရင်သွေးငယ်အပေါ် ပိုမိုအချိန်ပေးဂရုစိုက်လာရသည်။အဲခုတော့ အလှည့်ကြုံလာပြန်သည်။

ခင်ဖုန်းလတ်ကမသိမသာ မော်တော်ကားကိုသာ အရှိန်တိုးမြှင့်လိုက်သည်။ ခင်ဖုန်းမြတ်က သူ့ညီမ သူ့ကိုစ,နေ နောက်နေမှန်း ရိပ်မိသွား၏။ ထို့ကြောင့်ပြုံးလိုက်ကာ ထိုင်ခုံခါးပတ်ကို ပတ်ရင်း ...

"ခွေးမလေး ငါ့ကိုစ,နေတာလား။ ကားကို ဂရုစိုက်မောင်း"

ဟုချစ်စနိုးဖြင့် ကြိမ်းလိုက်၏။ ခင်ဖုန်းလတ်က ပြုံးကာ ကားကိုအရှိန်လျှော့လိုက်သည်။ တကယ်တမ်းကျတော့ ယခုလိုတောင်ပေါ်လမ်းတွင် ကားကိုအရှိန်ဖြင့် မမောင်းသင့်တာအမှန်။ သူ့အဖေနှင့်အမေသည် ဤလိုအဖြစ်ဆိုးမျိုးကြုံကာ ဘဝကိုစောစီးစွာ စွန့်လွှတ်သွားကြရသည်။ ကားအရှိန်လျှော့ချလိုက်စဉ်မှာပင် ...

တစ်ဖက်အကွေ့မှ အရှိန်ဖြင့် 'ဝေါ'ကနဲ ထွက်ပေါ်လာသော ကုန်တင်ကားကြီးတစ်စီး၏ခေါင်းကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင် မြင့်မားသောတောင်နံရံ။ ထိုကားကြီးနှင့် ခေါင်းချင်းဆိုင်မတိုက်မိအောင် ကားကိုတစ်ဖက်သို့ ကွေ့ချလိုက်သောအခါ ...

တစ်ဖက်တွင်ရှိနေသော ချောက်။ သို့သော် ချောက်ကဤနေရာတွင် တရှိန်ထိုးမတ်စောက်မနေဘဲ ဆင်ခြေလျှောပြေပြေဖြစ်နေသည်။ ကားက တစ်ပတ်ပြီးတစ်ပတ်လိမ့်ကာ ဆင်ခြေလျှောအတိုင်း ဆင်းသွားသည်။ ရုတ်တရက်ပွင့်သွားကာ ကားတံခါးမှ ခင်ဖုန်းလတ်မြေပြင်ပေါ် လွင့်ထွက်ကျန်ခဲ့သည်။

လိမ့်ဆင်းသွားသောကားက တောင်စောင်းတွင်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ကိုတိုက်မိကာ ရပ်တန့်သွား၏။ ခါးပတ်ပတ်ထားသော ခင်ဖုန်းမြတ်မှာ နာကျင်မှာကိုဂရုမစိုက်ဘဲ ကားထဲကထွက်နိုင်ရန် ကြိုးစားသည်။ သို့သော် ခါးပတ်ကဖြုတ်မရဘဲ ဖြစ်နေ၏။ ထိုစဉ် ... ဓါတ်ဆီတိုင်ကီမှ ဓါတ်ဆီတွေယိုစိမ့်လာရာမှ ကားက မီးထတောက်လာ၏။

မြေပြင်မှာလဲကျနေရာမှ ထနိုင်ဖို့ကြိုးစားသော်လည်း မအောင်မြင်။ ခင်ဖုန်းလတ်တစ်ကိုယ်လုံးမှာ နာကျင်၍နေ၏။ အရိုးကျိုးကုန်လေသလား။ သူ့အစ်မကားထဲပါသွားတာကို သတိ





ရသည်။ ကားဆီကို မြေပြင်တွင် ဒရွတ်တိုက်ဆွဲကာ သွားနိုင်ရန် ကြိုးစား၏။ သို့သော် ...

နာကျင်မှုဒဏ်ကိုမခံနိုင်ဘဲ သတိလစ်လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖုံးကို အထဲမှ တစ်စုံတစ်ယောက်က လက်နှင့် ကုတ်ခြစ်နေသော အသံတွေကြားရ၏။ အထဲမှာရှိနေတာက မမမြတ်။ ဒီအတိုင်းဆို မမမြတ်မသေသေးဘူးပေါ့။

(၂) အရှင်လတ်လတ် မြေမြှုပ်ခံရသူ



www.burmeseclassic.com

www.burmeseclassic.com



## (၂) အရှင်လတ်လတ် မြေမြှုပ်ခံရသူ

ခင်ဖုန်းလတ်သည် ဆေးရုံပေါ်တွင် ရက်အတော်ကြာအောင် နေခဲ့ရသည်။ သူ့နံရိုးနှစ်ချောင်းကျိုးသွားသည်ကို ပြန်ဆက်နိုင်ရန် မလှုပ်မရှားနေခဲ့ရသည်။ ထိခိုက်ပွန်းပဲ့သည့် အပေါ်ယံဒဏ်ရာများက ရက်ကြာမြင့်သည်နှင့်အမျှ တစ်စထက်တစ်စ ပျောက်ကင်းသွားသော်လည်း သူ့ရင်ထဲနှလုံးထဲတွင် နက်ရှိုင်းစွာရရှိခဲ့သည့် ဒဏ်ရာကတော့ မပျောက်ကင်းနိုင်ဘဲ ရှိသည်။

သူ့အချစ်ဆုံးအစ်မ သူ့ကြောင့် ဒဏ်ရာရခဲ့သည်ကိုခင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလတ်သည် ကြေကွဲမဆုံးဘဲ ရှိသည်။ ဖြေမဆည်နိုင်အောင် ခံစားနေရသည်။ သူ့အစ်မခင်ဖုန်းမြတ်မှာ မသေ။ ဒဏ်ရာပြင်းထန်စွာရကာ သေလုမျောပါးဖြစ်ခဲ့ရ၏။ အဆိုးဝါးဆုံးကား မီးလောင်ဒဏ်ရာများဖြစ်သည်။ သူနှင့် ဆေးရုံတစ်ရုံထဲတွင် ကုသနေသော်လည်း အစ်မအခန်းသို့ သူ့ကိုသွားခွင့်မပြုကြ။ အထူးသဖြင့် ကိုဝင်းထွဋ်က ခွင့်မပြု။

"မင်းသွားတွေ့လို့ ဘာမှမထူးပါဘူး လတ်လတ်။ သွားမတွေ့တာ မင်းအတွက်ပိုကောင်းတယ်။ သူ့ကိုမြင်ရင် မင်းစိတ်ထိခိုက်နေရဦးမယ်"

ဟုတားမြစ်သည်။ ခင်ဖုန်းလတ်က

"အစ်မဒီလိုဖြစ်တာ ကျွန်မကြောင့်ဆိုပြီး အစ်ကိုက အပြစ်ဒဏ်ခတ်နေတာလား"

"ငါက မင်းအတွက်ပြောနေတာပါလတ်လတ်။ လောကမှာလူတွေက ကံစီမံရာခံကြရတာ ဓမ္မတာပါပဲ။ မင်းကို ငါအပြစ်မတင်ပါဘူး။ မင်းအစ်မကလည်း အပြစ်တင်မှာ မဟုတ်ဘူး"

"အစ်မက ဒီအတိုင်းပြောသလား"

"အခုတော့ သူဘာမှမပြောနိုင်ဘူး။ သူဒဏ်ရာတွေပြင်း





ထန်လို့ သတိလစ်နေဆဲပဲ။ သူ့အသက်တော့ မသေတော့ဘူးလို့ ဆရာဝန်ကြီးတွေက ပြောတယ်"

ဤစကားနှင့်မျှသာ သူကျေနပ်နစ်သိမ့်ခဲ့ရသည်။ သူသည် ကောင်းကောင်းအိပ်မပျော်။ အိမ်မက်ဆိုးတွေမက်ကာ ညဥ့်နက်သန်းခေါင် လန့်နိုးတတ်သည်။ အိမ်မက်ထဲတွင်သူ့အစ်မမီးတောက်မီးလျှံတွေကြားထဲမှ အော်ဟစ်အကူအညီတောင်းနေသည့်ပုံကို မြင်ရတတ်သည်။ သို့သော်သူကလည်း မြေပြင်တွင်လဲနေရာမှ မထနိုင်။ အစ်မဆီသွားကာ အကူအညီမပေးနိုင်။ သူ့အခြေအနေက ရင်နာစရာကောင်းလှသည်။တကယ်ဆို သူက ဆတ်ဆော့ကာ ကားမမောင်းခဲ့လျှင် ...

မောင်းခဲ့လျှင်လည်း အစ်မကိုနောက်ပြောင်ကျီစယ်ချင်သောစိတ်ဖြင့် မမောင်းခဲ့လျှင်၊ ဤလိုကြေကွဲစရာအဖြစ်ဆိုးတွေဖြစ်ပေါ်လာစရာအကြောင်းမရှိ။ အခုတော့ သူ့မွေးနေ့မှာ တစ်သက်လုံး မမေ့နိုင်စရာဖြစ်ရပ်တွေ ပေါ်ပေါက်လာခဲ့၏။ တကယ်လို့ နေရာချင်းလဲလို့ရမယ်ဆိုရင် လဲလိုက်ချင်ပါသည်။ သူ့အစ်မခံစားရသည့် မချိမဆန့်ဝေဒနာတွေကို သူပဲခံစားရပါစေတော့။ ဒါသာမက သူ့အစ်မသာ တကယ်တမ်းသေဆုံးရမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မကိုယ်စား အသက်ချင်းလဲရလျှင် သူ့အသက်နှင့် လဲလိုက်ချင်ပါသည်။ သူ့အစ်မမှာကား သာယာသောအိမ်ထောင်သည်ဘဝရှိသည်။ သူ့မှာက တစ်ကိုယ်တည်း တစ်ကောင်ကြွက်ဘဝ။

သူ့အဘိုးနှင့်အဘွားလည်း ရန်ကုန်ကရောက်လာသည်။ သူ့အစ်မကို သူစွန့်ခွာမသွားချင်သော်လည်း အဘိုးက ခင်ဖုန်းမြတ်ကို ရန်ကုန်လိုက်ခဲ့ရန် ခေါ်၏။

"ငါ့မြေးလေးရဲ့ စိတ်အခြေအနေက တော်တော်ဆိုးဝါးနေတယ်။ အဘိုးမိတ်ဆွေ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်ပြသတိုင်ပင်ပြီး ကုသပေးရမယ်။ ဒါမျိုးက ရန်ကုန်မှာမှဖြစ်မှာ ..."

အဘွားကလည်း ...

"ငါ့မြေးလေးကို အရင်ကလို မင်းအမေကမစောင့်ရှောက်နိုင်တော့ဘူး။ မင်းအတွက် သူတို့မိသားစု ဝန်ပိုနေလိမ့်မယ်။အဘွားတို့နဲ့လိုက်နေတာကောင်းတယ်"

ဟုတိုက်တွန်းသည်။

"မဟုတ်ဘူးအဘွား။ အခုအချိန်မှာ ကျွန်မက အစ်မကိုပြန်စောင့်ရှောက်ရမယ့်အချိန်ပါ။ကျွန်မကြောင့် အစ်မခုလိုအဖြစ်မျိုး ကြုံရတယ်။ ဒီလိုအချိန်မှာ ကျွန်မက ပစ်သွားခဲ့ရင် ကျွန်မ





ထက် ကျေးဇူးမသိတတ်တဲ့သူ၊ မိုက်တဲ့သူ ရှိတော့မှာမဟုတ်ဘူး"

သို့သော် အဘိုးနှင့်အဘွားက လက်မခံ။

"မင်းက သူ့ကို စောင့်ရှောက်ဖို့ဝေးရော။ မင်းကိုမင်းတောင်ထူထောင်ဖို့ ကြိုးစားနေရတဲ့ဘဝ။ ဒီတော့ မင်းငါတို့နဲ့ရန်ကုန်လိုက်ခဲ့ပြီး ကျန်းမာအောင်နေ။ ဆရာဝန်နဲ့ပြသဖို့လည်း လိုနေပြီ။ စိတ်ရောကိုယ်ပါ ကျန်းမာလာတဲ့တစ်နေ့ မင်းဒီကို ပြန်လာချင်တယ်ဆိုရင်လည်း ငါတို့မတားဘူး။ ဒီအိမ်ကမင်းအိမ်ပဲ"

နောက်ဆုံးတော့ အဘိုးနှင့်အဘွား၏ဆန္ဒကို သူလွန်ဆန်၍မရတော့။ အဘိုးနှင့်အဘွားက လူကြီးတွေပီပီ စဉ်းစဉ်းစားစားချင့်ချင့်ချိန်ချိန် ပြောကြခြင်းဖြစ်ရာ၊ ခင်ဖုန်းလတ် လက်ခံလိုက်ရတော့သည်။ ပြီတော့ သူကိုယ်သူလည်း သူသိသည်။ သူ့အခြေအနေက စိတ်ရောကိုယ်ပါပြန်လည်ထူထောင်ဖို့ လိုအပ်နေသောကာလ။

သူမပြန်ခင် နောက်ဆုံးနေ့မှာ သူ့အစ်မခင်ဖုန်းမြတ်ကိုသွားကြည့်သည်။ ဆေးရုံရှိ အထူးကုဆေးခန်းထဲရှိ ကုတင်တစ်လုံးတွင် ခင်ဖုန်းမြတ် မလှုပ်မယှက်ပက်လက်။ သူ့ခန္ဓာကိုယ်အနှံ့အပြားတွင် ပိုက်တွေသွယ်တန်းနေရုံမက၊ နှာခေါင်းထဲ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



အောက်စီဂျင် ပိုက်ပေးထားသေးသည်။ အခြေအနေက သတိလစ်နေဆဲ။

စောင်ကိုရင်ခေါင်းအထိ ခြုံလွှမ်းထားကာ လွတ်နေသောနေရာအားလုံးကို ပတ်တီးတွေဖုံးလွှမ်းနေတာ မြင်ရ၏။ ပိုးသတ်ထားသော အထူးကုသီးသန့်ကုသခန်းထဲသို့ ခင်ဖုန်းလတ်မဝင်ရ။ အပြင်စင်္ကြံတွင်ရပ်ကာ၊ ကာထားသောမှန်နံရံမှတစ်ဆင့် အထဲကို မြင်နေရခြင်းဖြစ်သည်။ ကားတိုက်မှုဖြစ်ပြီးကတည်းက သူ့အစ်မကို ပထမဆုံးအကြိမ် ပြန်လည်မြင်ရခြင်းဖြစ်၏။

အမေဖြစ်သူ ပြင်းပြင်းထန်ထန်ဒဏ်ရာရခဲ့သည်ကို သူသိပြီးဖြစ်သည်။ အခုကိုယ်တိုင် တွေ့မြင်ရသောအခါ သူခန့်မှန်းထားခဲ့သည်ထက် ပို၍ဆိုးဝါးကြောင်း ရိပ်စားမိသွားသည်။ ရင်ထဲတွင် ကြားစဉ်ကခံစားခဲ့ရသော ခံစားမှုထက်ပိုသောခံစားမှုပေါ်လာသဖြင့်၊ရုတ်တရက်ရင်ထဲတွင် ဆို့ကနဲဖြစ်ကာ ထိုးအောင့်ပြီး၊ ထိုနေရာတွင်ပင် သတိလစ်လဲကျသွားလေတော့သည်။





သူ ... ကောင်းစွာ သတိရလာသောအခါ ရန်ကုန်သို့ မောင်းနှင်နေသည့် ကားပေါ်ရောက်နေသည်။ သူ့ဘေးတွင်ထိုင်ကာ အဘွားကစိုးရိမ်သောမျက်နှာဖြင့် ကြည့်နေလေသည်။ ခင်ဖုန်းလတ်က အဘွား၏ပုခုံးပေါ်တွင် ခေါင်းမှီကာ လှဲနေလိုက်သည်။ သူက ရန်ကုန်ထွက်မလာခင် အစ်မ၏အခန်းထဲ ဘာပဲဖြစ်ဖြစ်ရောက်အောင်ဝင်ကာ အစ်မက မသိသည်ဖြစ်စေ၊ အစ်မလက်ကိုကိုင်ကာ အားပေးစကား ပြောခဲ့ချင်သေးသည်။ အခုတော့မဖြစ်နိုင်တော့။ သူတိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

ရန်ကုန်ရောက်သောအခါ အဘိုးနှင့်အဘွားက အဘိုးမိတ်ဆွေဆိုသော ဆရာဝန်ကြီးဦးသန့်ဇင်ထွန်းနှင့် ပြသကြ၏။ ဦးသန့်ဇင်ထွန်းသည် စိတ်ရောဂါနှင့်ပတ်သက်၍ ကျွမ်းကျင်သူဖြစ်ကာ၊ရွာသာကြီးရှိ စိတ်ကျန်းမာရေးအထူးကုဆေးရုံတွင် တာဝန်ထမ်းဆောင်နေသူဖြစ်၏။

သူ့စိတ်ထဲမှာ တင်းကြပ်နေသော ဝေဒနာတွေကို ဖြေ



www.burmeseclassic.com

www.burmeseclassic.com



လျှော့အောင်ကုသပေး၏။ အမိက ကတော့ ကာယကံရှင်ဖြစ်သူ ခင်ဖုန်းလတ်ပင် ဖြစ်သည်။ ခင်ဖုန်းလတ်က ဤအဖြစ်တွေကိုမေ့ ပျောက်ဖြစ်ဖို့ မကြိုးစားဘူးဆိုလျှင် ဝေဒနာက ပြေလျော့သက် သာမှာမဟုတ်။

တစ်လလောက်ကြာသောအခါ ခင်ဖုန်းမြတ်ဆေးရုံက ဆင်းသွားကြောင်း၊ ကိုဝင်းထွဋ်က တယ်လီဖုန်းဆက်အကြောင်း ကြား၏။သတိတော့ ပြန်ရလာသည်။ သို့သော် ... အာရုံနှင့် အသိစိတ်ကတော့ ကယောင်ခြောက်ခြားဖြစ်နေသည်ဟုဆို၏။ ဒီလောက်ပြင်းထန်သောဝေဒနာကို ခံစားခဲ့ရသည်ဆိုတော့ ဘယ် သူမဆို ... ဒီလိုအဖြစ်မျိုးကြုံရပေမည်။

ခင်ဖုန်းမြတ်ကိုပြုစုဖို့အတွက် ချောဝေခင်ဆိုသော သူနာ ပြုဆရာမတစ်ဦးကို အိမ်မှာငှားရမ်းထားသည်ဟုဆို၏။ ဒီစကား တွေကြားတော့ ခင်ဖုန်းလတ်က သူ့အစ်မရှိရာကို ပြေးသွားချင် သည်။ သို့သော် ...

ဤအချိန်မှာပင် သူကျောင်းတက်ရမည့် တက္ကသိုလ်က ဖွင့်လာ၏။ ခင်ဖုန်းလတ်က ကျောင်းတက်ဖို့ကိစ္စကို ဦးစားပေး လိုက်ရသည်။ အဘိုးနှင့်အဘွားက နှစ်လယ်ကျောင်းပိတ်ရက်ကျ





တော့ တို့လည်းလိုက်ခဲ့ကြမယ်ဟုဆို၏။ ဤစကားဖြင့်သာ ခင် ဖုန်းလတ် ကျေနပ်လိုက်ရသည်။ တကယ်တော့ သူ့အခြေအနေ ကလည်း ကောင်းလှသေးသည်မဟုတ်။ တစ်နေ့ရွှေ၊ တစ်နေ့ငွေ။ အစ်မကိုမြင်ရလျှင် ဝေဒနာက ဆိုးဝါးလာပေဦးမည်။ ဒီတော့ ပထမဟိုကိုမသွားခင် ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ထူထောင်ရ ပေမည်။

သို့သော် ...

ထိုသို့သော်ကား သူ့ဘဝတွင် ဘယ်လိုမှပြန်လည်ပြင် ဆင်၍မရနိုင်သော သို့သော်ဖြစ်သည်။ နောက်တစ်လခန့်ကြာ သောအခါ ... နယ်ရှိကိုဝင်းထွဋ်မှ တယ်လီဖုန်းဝင်လာပြန်သည်။ သူက တုန်တုန်ယင်ယင် ကြေကွဲဆိုနင့်သောလေသံဖြင့် ...

"ခင်ဖုန်းမြတ်ဆုံးပြီ"

ဟုသတင်းပို့ခဲ့လေသည်။ ဖုန်းဆက်တာက အဘိုးထံသို့ ဖြစ်သည်။ အဘိုးနှင့်အဘွားက နှစ်ဦးသား ဆွေးနွေးတိုင်ပင်ပြီး တော့မှသာ ခင်ဖုန်းလတ်ကို အသိပေးခဲ့လေသည်။

"ခင်ဖုန်းလတ် ပြောစရာစကားရှိတယ်။ နေကောင်းရဲ့ လား"



www.burmeseclassic.com

www.burmeseclassic.com



"သမီး စိတ်ခိုင်ခိုင်ထားနော် ..."

ဆိုကတည်းက သူတို့ပြောမည့်စကားကိုခင်ဖုန်းလတ်ကြိုသိနေခဲ့၏ ။ ထို့ကြောင့် မျှော်လင့်ထားသည့်အတိုင်း သတင်းကိုကြားရသောအခါ ... သူ့စိတ်ကို အားတင်းကာ ထိန်းထားနိုင်ခဲ့သည်။ သူကတစ်ခုပဲ ပူဆာ၏။

"မမမြတ်အသုဘကို လတ်လတ်လိုက်ပို့ပါရစေ"

သူ့အခြေအနေကိုကြည့်ကာ အဘိုးနှင့်အဘွားက သဘောတူလိုက်၏။သူတို့လည်း သွားကြရမည်ဖြစ်သည်။ ဒီလိုနှင့် သူတို့မြို့ကလေးသို့ ရောက်ခဲ့ကြပြန်သည်။ ထိုနေ့ကား မြေမြှုပ်သင်္ဂြိုဟ်မည့်နေ့ဖြစ်သည်။ ခင်ဖုန်းမြတ်ကို ဂူသွင်းရန် စီစဉ်ထား၏ ။"

ခေါင်းက အကောင်းစားကျွန်းခေါင်းကြီး။ ထိုခေါင်းကြီးကို အဖြူရောင်ဆေးသုတ်ကာ ရွှေနားကွပ်ထားရာ၊ ခရစ်ယာန်လူမျိုးများ မြှုပ်နှံလေ့ရှိသည့် ခေါင်းတစ်လုံးနှင့် ပိုတူနေသည်။ခေါင်းပေါ်တွင်ရော၊ ခေါင်းဘေးပတ်ပတ်လည်မှာပန်းခြင်းတွေ၊ ပန်းကုံးတွေ ဝန်းရံဖုံးလွှမ်းနေ၏။ ခင်ဖုန်းလတ်က သူ့အစ်မကိုကြည့်ချင်သေး၏။ သို့သော်ခေါင်းက အသေပိတ်





ထားပြီးဖြစ်သဖြင့်၊ ကိုဝင်းထွဋ်က ပြန်ဖွင့်မပြတော့။ အဘိုးကလည်း ...

"ကြည့်မနေပါနဲ့ သမီးရယ်။ မြင်ရရင်လည်း စိတ်မကောင်းစရာပဲ ဖြစ်မယ်"

ဟု တားမြစ်၏။

ခင်ဖုန်းလတ်က သူ့အစ်မ၏ ခေါင်းကိုဖက်ကာ ပါးနှင့်အပ်ထားမိသည်။

"မမမြတ်ရေ ရောက်ရာဘဝက ညီမလေးကိုခွင့်လွှတ်ပါ"

ဒီလိုဖက်ထားရင်းက သူ့နားထဲတွင် အသံတွေကြားလာရသည်။ အသံတွေကအားစိုက်ထောင်မှ သဲ့သဲ့ကြားရခြင်းဖြစ်သော်လည်း သဲသဲကွဲကွဲတော့ ရှိသည်။ ခေါင်းထဲကကြားနေရခြင်းပင်။တစ်ဂျစ်ဂျစ်နှင့် အဆက်မပြတ်မြည်နေ၏ ။သေသေချာချာနားထောင်လိုက်တော့ ...

ခေါင်းဖုံးကိုအထဲက တစ်စုံတစ်ယောက်က လက်နှင့်ကုတ်ခြစ်နေသော အသံတွေဖြစ်နေ၏ ။အထဲမှာရှိနေတာ မမမြတ်။ ဒါဟာ မမမြတ်ပဲဖြစ်ရမယ်။ ဒီအတိုင်းဆို မမမြတ် မ



www.burmeseclassic.com

www.burmeseclassic.com



သေသေးဘူးပေါ့။

ဒီလိုအဖြစ်မျိုးကို သူမကြားခဏ ကြားဖူးသည်။ သေပြီဟု ရေခဲတိုက်ထဲပို့ထားပြီးကာမှ သတိပြန်လည်လာတဲ့သူ။ ဒီလိုလူမျိုးက အသက်ရှင်ဖို့လွယ်ကူသော်လည်း ခေါင်းထဲထည့်ပိတ်ထားခံရပြီးမှ သတိလည်လာသူတစ်ဦးအတွက်ကတော့ ရှင်နိုင်ခွင့်အင်မတန်နည်းပါး၍သွားလေသည်။ အထူးသဖြင့် ထိုခေါင်းတလားကမြေကြီးထဲတွင်မြှုပ်ပြီးပြီဆိုပါက သူ့အနေနှင့် အသက်ရှုကြပ်သော ဝေဒနာကိုခံစားရကာ အသက်ဆုံးပါးရမည်သာ ဖြစ်သည်။

မမမြတ် ကံကောင်းတယ်။

သူ့ခေါင်းကို မြေမမြှုပ်ရသေးတာ ကံကောင်းတယ်။ ခင်ဖုန်းလတ်က ရုတ်တရက်ထ,ကာအော်သည်။

"ခေါင်းကို မြန်မြန်ဖွင့်ကြပါ။ သူမသေသေးဘူး။ မမမြတ်မသေသေးပါဘူး။ ခုချက်ချင်းဖွင့်ပေးပါ"

အားလုံးပင် ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ အလန့်တကြားဖြစ်ကုန်သည်။

"လတ်လတ် စိတ်ထိန်းဦးလေ ..."





ဟု အဘိုးကပြောသော်လည်းမရ။

ခင်ဖုန်းလတ်ကို သူ့အဘွားနှင့် ထိုမြို့မှ သူ့ကျောင်းနေဘက်သူငယ်ချင်း ကျော့ကျော့ရှင်းတို့က ဆွဲခေါ်သွားရသည်။အိပ်ခန်းထဲထည့်ကာ ဆရာဝန်ခေါ်၍ အိပ်ဆေးတစ်လုံးထိုးပေးလိုက်ရ၏။

ခင်ဖုန်းမြတ်အလောင်း ဂူသွင်းရန် အိမ်ကထွက်ခွာသွားသောအခါ ခင်ဖုန်းလတ်အိမ်တွင်ပင် ကျန်ရစ်ခဲ့လေသည်။ သူ့သတိပြန်ရလာသောအခါ သူ့ဘေးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော ကျော့ကျော့ရှင်းကိုသာ တွေ့ရ၏။

"ကျော့ကျော့ မမမြတ်ရော ..."

"သူ့ကို ဂူသွင်းလိုက်ကြပြီ"

ခင်ဖုန်းလတ်ရင်ထဲတွင် လှိုက်ဖိုမောပန်းသွားသည်။

"သူတို့ငါပြောသလို ခေါင်းကို ဖွင့်ကြသေးလား"

"မဖွင့်ဘူး လတ်လတ်။ သူ ... သူ သေနေပြီဆိုတာသေချာတာပဲ။ မင်းစိတ်က ထင်ယောင်ထင်မှားဖြစ်နေတာပါ။ မင်းရန်ကုန်မှာလည်း စိတ်ရောဂါကုဆရာဝန်နဲ့ ပြနေရတယ်ဆို၊ မင်းအဘိုးပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ သူတို့အားလုံးက ငါ့ကိုအရူးလို့ ထင်ကြမှာပေါ့။ ငါ့ကို နင်ကတော့ယုံစေချင်တယ် ကျော့ကျော့။ မမမြတ်ဟာ တကယ်မသေဘူး။ သူဟာ အရှင်လတ်လတ်မြေမြှုပ်ခံလိုက်ရတာပဲ"

ကျော့ကျော့ရှင်းက စိတ်ပျက်စွာ ခေါင်းကို ရမ်းခါနေမိလေတော့သည်။





"ဒီအိမ်မှာ သရဲတစ်ကောင်ရှိတယ်။ ဒီလိုပြောတာကို ဆရာလေးကိုဝင်းထွဋ်က မကြိုက်ဘူး။ မပြောရဘူးလို့ ပိတ်ထားတယ်။ ကျွန်မသုံးလေးခါမက မြင်ဖူးတယ်"

(၃) ခြောက်လှန့်နေသော မိစ္ဆာမ



www.burmeseclassic.com

www.burmeseclassic.com



## (၃) ခြောက်လှန့်နေသော မိစ္ဆာမ

ထိုကိစ္စရပ်များ ဖြစ်ပွားပြီးနောက် (၇)နှစ်ခန့်ကြာသော အခါ ...

ကားကလေးတစ်စီးသည် တောင်ပေါ်မြို့ကလေးဆီသို့ တောင်ပေါ်လမ်းအတိုင်း အရှိန်မှန်မှန်ပြေးလာနေ၏။ တစ်နေရာ ရောက်သောအခါ ကားကလေးရပ်၍သွားသည်။ ကားပေါ်မှ အသက် (၂၅)နှစ်ခန့်အရွယ်မိန်းကလေးတစ်ဦး ဆင်းသက်လာ၏။ သူက ကားလမ်းဘေးတွင်ရပ်ကာ ဆင်ခြေလျှောချောက်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ငေးမောကြည့်နေသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်တွေသီ ဝဲ့နေသည်။

ထိုမိန်းကလေးသည်ကား ခင်ဖုန်းလတ်ပင်ဖြစ်၏။ လွန်ခဲ့သော (၇)နှစ်ခန့်က ဤနေရာတွင် သူမောင်းလာသောကားက ကုန်တင်ကားကြီးတစ်စီးကို ရှောင်ရင်း ချောက်ထဲကျခဲ့သည်။ သူ့အစ်မမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့၏။ နှစ်လခန့်ကြာသောအခါ ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်ခဲ့ရသည်။ အစ်မဖြစ်သူ၏ အသုဘအခမ်းအနားပြီးကတည်းက ဤမြို့ကလေးသို့ သူပြန်မရောက်ဘဲရှိနေခဲ့သည်။

အစ်မဖြစ်သူ၏ ကျန်ရစ်ခဲ့သည့် တစ်ဦးတည်းသောသမီးလေးကေသီကို အဒေါ်တစ်ယောက်အနေနှင့် ပြုစုစောင့်ရှောက်ရန် သူ့တွင်တာဝန်ရှိသည်။ သို့သော် ... ကေသီကလည်း သူ့အဖေကိုစွန့်ခွာကာ သူတို့ရှိရာ ရန်ကုန်မြို့သို့ လာရောက်မနေနိုင်။ သူကလည်း ဒီမြို့ကို လာရောက်မနေနိုင်။ တခြားအရေးကိစ္စထက် ...

ဒီမြို့ကိုရောက်လျှင် သူ့အတွက် အစစအရာရာမှာ၊ အဟောင်းက အသစ်ဖြစ်ရသည်။ ဤအတွက် ရင်ထဲမှာ ဖြစ်ပေါ်





လာမည့် ဝေဒနာကို သူ့အနေဖြင့် ခံစားနိုင်စွမ်းမရှိ။ ဒါကြောင့်အဝေးနေဝေးနေခဲ့ရခြင်းဖြစ်သည်။ ယခုတော့ ကေသီလေး အတော်ပင်ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်သည်ဟု ကိုဝင်းထွဋ်က ဖုန်းဆက် အကြောင်းကြားသဖြင့် ခင်ဖုန်းလတ်ထွက်လာခဲ့ခြင်း ဖြစ်၏။

ဤ(၇)နှစ်အတွင်း သူ့ဘဝလည်းအတော်အသင့်ပြောင်းလဲ၍သွားသည်။ လွန်ခဲ့သောသုံးနှစ်ခန့်က အဘိုးဖြစ်သူက လူကြီးရောဂါဖြင့်ပင် ကွယ်လွန်သွားရာ အဘွားတစ်ယောက်သာကျန်ရစ်ခဲ့တော့သည်။ သူလည်း တက္ကသိုလ်မှ ဘွဲ့တစ်ခုရကာ တက္ကသိုလ်တစ်ခုတွင် နည်းပြဆရာမအဖြစ် အမှုထမ်း၍ နေလေပြီ။ သူသည် လွန်ခဲ့သော(၇)နှစ်ကလို အပျိုပေါက်စလေး မဟုတ်တော့။ အသက်(၂၅)နှစ်အရွယ်မို့ သက်လတ်ပိုင်း ဘဝအစပျိုးပြီဟုဆိုနိုင်၏။ အသက်အရွယ်အတွေ့အကြုံနှင့် အလုပ်အကိုင်အရလည်း ထိုက်သင့်သလောက် တည်ကြည်ရင့်ကျက်သူ ဖြစ်၍နေလေပြီ။ သို့သော် သူ့၏ခြောက်ခြားဖွယ် ငယ်အိပ်မက်ကတော့ မကြာခဏပင် သူ့၏ညများကို ကြီးစိုးကာ သူ့ကို ခြောက်လှန့်တုန်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲပိတ်ညပ်နေကာ မီးတောက်ထဲတွင် အော်ဟစ်နေသော ခင်ဖုန်းမြတ်။ ခေါင်းထဲတွင်ပိတ်လှောင်ခံထားရကာ ခေါင်းဖုံးကိုလက်နှင့် ကုတ်ခြစ်နေသော ခင်ဖုန်းမြတ်။ အို ... သနားစရာကောင်းလှသော မမမြတ်။ မမမြတ်ဘဝကို သူ မကယ်တင်နိုင်ခဲ့တာ လုံးဝစိတ်မကောင်း။

သူတို့ကားမှောက်ခဲ့ရာနေရာတွင်ရပ်ကာ ငေးမောကြည့်ရှုနေစဉ် သူ့ဘေးကိုကားလေးတစ်စီး ထိုးစိုက်ကာရပ်လိုက်၏။ ပြီးတော့ ကားပေါ်ကမိန်းမလှလေးတစ်ယောက် ဆင်းလာသည်။ တောင်ပေါ်မြို့ကလေးနှင့်မလိုက်ဖက်အောင် ထိုမိန်းကလေး၏ ဝတ်စားဆင်ယင်ပုံက ခေတ်မှီနေ၏။ ချက်ပြုတ်ဂျင်းဘောင်းဘီ အနက်ရောင်နှင့် တီရှပ်ပန်းရောင်။ အပေါ်က ခါးတစ်ဝက်သာရှိသည့် ဂျာကင်အင်္ကျီအပြာရောင်ကို ဝတ်ဆင်ထား၏။ ပြီးတော့ ဆံပင်တွေက နီကြောင်ကြောင်ဆေးဆိုးထားကာ ပုခုံးပေါ်တွင် လှိုင်းတွန့်ထပြီး ဝဲဖြာနေ၏။ ဒီဇိုင်းဆန်းဆန်း တန်ဖိုးကြီးနေကာ မျက်မှန်တစ်လက်ကိုလည်း တပ်ဆင်ထားသဖြင့် ရုတ်တရက်ကြည့်လိုက်ပါက ဟောလီးဝုဒ်လူငယ်ကြိုက် ရုပ်ရှင်ကားတစ်ကားမှ မင်းသမီးနှင့်ပင်တူနေသည်။





သူကဖော်ရွေသောအပြုံးဖြင့် သူ့ထံလျှောက်လာကာ

"လတ်လတ် ... လတ်လတ် ဟုတ်ပါတယ်နော်"

ဟုနှုတ်ဆက်လိုက်တော့မှ သူ့အသံကိုမှတ်မိသွားသည်။ ဝမ်းသာအားရဖြစ်သော်လည်း မယုံမရဲလေသံဖြင့် မေးလိုက်မိ၏။

"ကျော့ကျော့လား ... ဟုတ်တယ်မဟုတ်လား"

ဟုတ်နေသည်။ သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လိုက်ကြ၏။ ဆယ်တန်းတုန်းက သူတို့တစ်တန်းတည်းတက်ခဲ့ကြကာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြ၏။ ကျော့ကျော့ရှင်းက သူ့ကိုကြည့်ကာ ...

"မင်း တော်တော်ပြောင်းလဲသွားတာပဲ လတ်လတ်။ မြင်စက ငါတောင်မယုံဘူး။ မနည်းကြည့်ယူရတယ်။ မင်းတို့ ကားပျက်ခဲ့ဖူးတဲ့ ချောက်နားမှာရပ်နေတာကို ဆက်စပ်တွေးမိပြီး မင်းပဲလို့ ဆုံးဖြတ်လိုက်ရတာ ..."

"နင်နဲ့ငါမတွေ့တာကြာပြီလေ။ မမမြတ် အသုဘတုန်းကတွေ့ခဲ့ကြတာ နောက်ဆုံးပဲ။ (၇)နှစ်ကြာခဲ့ပြီလေ"

"(၇)နှစ်ဆိုတာ ဘာမှမကြာသေးဘူး လတ်လတ်။ ဒါပေမယ့် နင့်ကြည့်ရတာ တော်တော်ပြောင်းလဲသွားသလိုပဲ။ အ



www.burmeseclassic.com

www.burmeseclassic.com



သက်ထက်ပိုပြီး ရင့်ကျက်နေသလိုပဲ။"

"တို့အသက်တွေ (၂၅)နှစ်ရှိပြီလေ။ ပြီးတော့ ငါ့အလုပ်
တက္ကသိုလ်ဆရာမ။ နင်လည်း ရုပ်ရောအသံရော မပြောင်းပေ
မယ့် အဝတ်အစားနဲ့စတိုင်ကတော့ ပြောင်းနေတာပဲ။ နင်ကသာ
စ,မခေါ်ရင် ငါမှတ်မိမှာမဟုတ်ဘူး ..."

ဆိုတော့ ကျော့ကျော့ရှင်းက ရယ်သည်။

"နင်ပြောသလို အလုပ်နဲ့ဆိုင်တယ်လေ။ ငါက ဒီမြို့မှာ
ဗြူတီပါလာဖွင့်ထားတယ်။ တော်တော်အောင်မြင်ပါတယ်။ဒါ
ကြောင့် ငါလည်း အလုပ်နဲ့လိုက်အောင် ဝတ်စားနေရတာပေါ့"

ကျော့ကျော့ရှင်းက ဆယ်တန်းကျတော့ ကျောင်းဆက်မ
တက်တော့။ မန္တလေးသို့သွားကာ အလှပြင်သင်တန်းတက်၏။
တတ်ကျွမ်းလာတော့မြို့ကိုပြန်လာကာ အလှပြင်ဆိုင်ဖွင့်သည်။
ကံအကျိုးပေးကြောင့် အောင်မြင်လာခဲ့၏။ ကျော့ကျော့ရှင်းကသူ့
ကားကို ဒရိုင်ဘာနှင့်လွှတ်လိုက်ကာ၊ သူကတော့ ခင်ဖုန်းလတ်
ကားနှင့် မြို့ထဲလိုက်လာခဲ့၏။ ခင်ဖုန်းလတ်၏ဘေးတွင်ထိုင်ရင်း
တစ်လမ်းလုံး စကားတွေဖောင်ဖွဲ့လာသည်။

"နင် ဒီမှာကြာဦးမလား"





"မပြောတတ်သေးဘူး။ တူမလေးနေမကောင်းဘူးဆိုလို့
လာကြည့်တာ။ ကျောင်းကလည်းပိတ်ထားတော့ အခြေအနေအ
ရ ကြာချင်လည်းကြာသွားနိုင်တယ်။ ငါ့အစ်မကိုယ်စား ဒီတူမ
လေးကို ငါကစောင့်ရှောက်ရမှာ။ အခုတော့ ပစ်ထားသလိုဖြစ်
တော့ စိတ်မကောင်းဘူး။"

မြို့ထဲရောက်သောအခါ ညမြို့လယ်တွင်ရှိနေသော
ကျော့ကျော့ရှင်း၏ ဗြူတီပါလာဆိုင်ရှေ့တွင် ကျော့ကျော့ရှင်းကို
ချပေးခဲ့ရသည်။

"နောက်မှဆုံကြမယ်။ ငါ့ဆိုင်ကို နင်လည်းသိပြီ။ လာ
လည်ဦး။"

ဟုပြောကာ ကျော့ကျော့ရှင်းက လက်ပြနှုတ်ဆက်ရင်း
ကျန်ရစ်ခဲ့သည်။ ကားကိုမြို့ပြင်ဘက် ဆက်မောင်းလာခဲ့၏။
သူတို့နေသောခြံက မြို့ပြင်အစပ်တွင်ရှိသည်။ ကျယ်ဝန်း၍ သစ်
ပင်အုပ်များ ညို့ညို့ဆိုင်းဆိုင်းကြောင့် တိတ်ဆိတ်ငြိမ်သက်ကာ
ခြောက်ခြားစရာပင် ကောင်းနေ၏။ သူနေစဉ်က ခြံစောင့်ကြီးဦး
သီကပင် ခြံတံခါးလာဖွင့်ပေး၏။ ဦးသီကလွဲလျှင် ဤအိမ်ကြီး
တွင် သူတို့မိသားစုသာနေထိုင်သဖြင့် ခြောက်ကပ်ကပ်နိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသည်။ အိမ်က နှစ်ထပ်တိုက်။

ယခုအခါ ဤအိမ်ကြီးတွင် နေထိုင်နေကြသူတွေက ကိုဝင်းထွဋ်၊ ကိုဝင်းထွဋ်အဘိုးဦးဘအိုနှင့် သမီးကလေးကေသီတို့ သုံးယောက်သာ ရှိသည်။ သူ့ကားသံကြားသောကြောင့် ထင်သည်။ ကိုဝင်းထွဋ်က အိမ်ထဲက ထွက်ကာကြိုသည်။

"မင်းရောက်လာမယ်လို့ ငါမထင်ဘူး"

"ကျွန်မလာခဲ့မယ်လို့ ဖုန်းဆက်လိုက်တာပဲ"

"အဲဒါကိုအံ့သြနေတာ။ ဒီနေရာဟာ မင်းအတွက် ..."

ကိုဝင်းထွဋ်က သူ့စကားကိုမဆက်ပဲ ရပ်ထားလိုက်သော်လည်း သူဘာကိုဆိုလိုချင်မှန်း ခင်ဖုန်းလတ်က သဘောပေါက်ပါသည်။

"ကျွန်မ အပျိုပေါက်ကလေး မဟုတ်တော့ဘူး ကိုဝင်းထွဋ်။ ထိုက်သင့်သလောက် ရင့်ကျက်လာခဲ့ပါပြီ။ ဒီကိစ္စတွေက (၇)နှစ်တောင်ကြာခဲ့ပြီမဟုတ်လား"

"ဒါပေမယ့် မင်းမေ့နိုင်လို့လား။ ငါလည်း မမေ့နိုင်သေးဘူး။ မင်းက မေ့နိုင်ပါတယ်ဆိုရင်လည်း ငါမယုံဘူး"

အိမ်ထဲက အသက်(၅၀)ခန့်ရှိသော မိန်းမကြီးတစ်ဦး





ထွက်လာကာ၊ ခင်ဖုန်းလတ်၏ အဝတ်အစားသေတ္တာကို သယ်၏။

"ဒါက ဒေါ်ဂျမ်းဘုံတဲ့။ အိမ်မှာအကူအညီရအောင် ခေါ်ထားတာ။"

ကိုဝင်းထွဋ်က မိတ်ဆက်ပေး၏။ ထိုမိန်းမကြီးက ဘာမှမပြောပဲ သေတ္တာကိုသယ်ကာ အိမ်ထဲဝင်သွားသည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းဖြစ်ကာ အလုပ်ကြမ်းလုပ်နေသူဖြစ်သဖြင့် ယောက်ျားကြီးတစ်ယောက်လို သန်မာပုံရ၏။

"သူက စကားနည်းတယ်"

ဟုကိုဝင်းထွဋ်က ဖြေသိမ့်စကားပြောသည်။ တကယ်တော့ စကားနည်းတာကိုပဲ ခင်ဖုန်းလတ်က သဘောကျနေသေးသည်။ သူက အယူသဖြင့် ယခုလိုလူစိမ်းတွေနှင့် စကားအပိုတွေ မပြောချင်။ ကိုဝင်းထွဋ်က ...

"မင်းအတွက် အရင်က မင်းနေခဲ့တဲ့အခန်းကိုပဲ ပြင်ထားတယ်"

သူ့မူလအခန်းမှာ အပေါ်ထပ်အစွန်ခန်း ဖြစ်၏။ သူ့အ



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီမသွားသေးပဲ ခင်ဖုန်းလတ်က ...

"ကေသီလေးနဲ့ အရင်တွေ့ချင်တယ်။ သူ့အခြေအနေ ဘယ်လိုလဲ"

ဟုမေးလိုက်၏။ ကိုဝင်းထွဋ်က ...

"အခုတော့ ကောင်းနေပါပြီ။ ဆေးရုံမှာ တစ်ပတ် လောက် နေလိုက်ရတယ်။မနေ့ကမှ ဆေးရုံက ဆင်းလာတာ"

"ဘာဖြစ်တာလဲ"

"အပြင်းဖျားတယ်။ ကယောင်ကတမ်းတွေ ပြောတယ် ကောင်းကောင်းလည်း မအိပ်မစားဘူး။ ပြီးတော့ ..."

ကိုဝင်းထွဋ်က သူ့စကားကိုမဆက်ပဲ ဖြတ်ထားသဖြင့် ခင်ဖုန်းလတ်က ...

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ ကြောက်လန့်နေတယ်။ ထိတ်ထိတ်ပြာပြာ ဖြစ်နေတယ်"

"ဘာကိုကြောက်တာလဲ ..."

ကိုဝင်းထွဋ်က ပုခုံးတွန့်ကာ၊ လက်ခါပြလိုက်၏။ ကေ သီလေးအခန်းထဲ ဝင်သွားတော့ ကုတင်ပေါ်တွင် နှစ်နှစ်ခြိုက်





ခြိုက် အိပ်ပျော်နေသော ကေသီကလေးကိုတွေ့ရသည်။ ကေသီ ကလေးက သူထင်တာလောက် မထွားကြိုင်း။ (၁၀)နှစ်အရွယ်ဆို သော်လည်း ကလေးငယ်တစ်ယောက်လို ဖြစ်နေ၏။ သူ့အမေ ကွယ်လွန်စဉ်က ကေသီသည်သုံးနှစ်ခန့်သာ ရှိသေးသည်။

ဆံပင်ကောက်ကောက်ကလေးတွေက ဂုတ်အနားတ ဝိုက်တွင် ဖွာကျနေ၏။ အသားက ဖြူဖတ်ဖြူလျော်။ကလေးက ပိန်သည်။ မျက်တွင်းကလေးတွင်ပင် ချိုင့်ဝင်နေ၏။ အိပ်ပျော်နေ သော ကေသီကလေးကိုကြည့်၍ ခင်ဖုန်းလတ် စိတ်မကောင်းဖြစ် သွားမိလေသည်။ မိတဆိုးတူမလေးဘဝမှာ သနားစရာ။ သူတို့ မိဘများဆုံးပါးစဉ်က သူတို့က အတော်အတန်အရွယ်ရောက်နေ ကြပြီ။

"အိပ်ပါစေ။ နောက်မှပဲ အေးဆေးတွေ့တော့မယ်"

သူ့အခန်းမှာ ကေသီအခန်းနှင့်ကပ်လျက် ဖြစ်သည်။ အခန်းထဲတွင် သူ့ကုတင်ကို ပြင်ဆင်ခင်းကျင်းပေးနေသော ဒေါ် ဂျမ်းဘုံကိုတွေ့ရ၏။ ဒေါ်ဂျမ်းဘုံက စကားမပြော။ အလုပ်ကိုသာ ဆက်တိုက်လုပ်နေ၏။ ပြီးမှ ...

သူ့အနီးတွင် ရိုရိုသေသေရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာလုပ်ပေးရဦးမှာလဲ ..."

"ရပါပြီ ဒေါ်ဂျမ်းဘုံ။ ကျေးဇူးတင်ပါတယ်" ဟုပြောက

ဆက်ပြီး ...

"ရှင်ဒီမှာလုပ်တာ တော်တော်ကြာပြီလား"

ဟုမေးလိုက်၏။ ဒေါ်ဂျမ်းဘုံက ...

"တစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ ဒီအိမ်မှာ အိမ်ဖေ

တွေက မမြဲဘူး။ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားြ

တယ်။ ကြာရှည်မခံဘူး"

"ဘာကြောင့်လဲဟင် ..."

"သရဲကြောက်တတ်လို့ပေါ့"

"ရှင် ..."

အာမေဋိတ်သံ ခင်ဖုန်းလတ်ပါးစပ်မှ ထွက်သွား၏

ဒေါ်ဂျမ်းဘုံစကားကို သူရုတ်တရက် နားမလည်လိုက်။ သ

ကြောက်လို့ဆိုလား။

"သရဲကြောက်ကြလို့လေ။ ဒီအိမ်မှာ သရဲရှိတယ်။"

ဟု ခပ်တိုးတိုးပြောလိုက်၏။ ဆက်၍ ...

"ဒီလိုပြောတာကို ဆရာလေးကိုဝင်းထွဋ်ကမကြိုက်ဘူ





မပြောရဘူးလို့ ပိတ်ထားတယ်။ ကျွန်မက သရဲတော့ မကြောက်

ပါဘူး။ ဒါပေမယ့် စိတ်အနှောင့်အယှက်တော့ ဖြစ်တာပေါ့"

သူကစကားနည်းသည်ဟု ထင်ရသောမိန်းမကြီးမှာ စ

ကားမနည်းသည်ကို တွေ့လိုက်ရ၏။ ကိုဝင်းထွဋ်ရှေ့တွင် စကား

မပြောအဆိုမမှားရအောင် သတိထားဆင်ခြင်နေဟန်တူ၏။

"ရှင် ... ရှင်ရော သရဲကို တကယ်မြင်ရလို့လား"

"သုံးလေးခါမက မြင်ဖူးတယ်။ ညဘက်ဆို တစ်အိမ်လုံး

မှ လျှောက်သွားနေတာပဲ။ ကေသီဆိုတဲ့ကလေးမလေးက အဲဒီ

သရဲကိုမြင်ပြီး လန့်ဖျားဖျားတာ ..."

အခန်းတံခါးဝတွင် ရုတ်တရက် ကိုဝင်းထွဋ်ပေါ်လာသ

ဖြင့် ဒေါ်ဂျမ်းဘုံစကားစဖြတ်ကာ အိနြ္ဒေဆည်လိုက်၏။ ကိုဝင်း

ထွဋ်က ဒေါ်ဂျမ်းဘုံအား မယုံသင်္ကာသလို တစ်ချက်ကြည့်လိုက်

ရင်း ခင်ဖုန်းလတ်ဘက်လှည့်ကာ ...

"လတ်လတ် ကေသီနိုးနေပြီ"

ဟု ပြောလိုက်လေသည်။

ကလေးက သူ့ကိုတွေ့တော့ ဝမ်းသာအားရ ဖြစ်နေ

သည်။ သူကလည်း ကုတင်ပေါ်တွင်ထိုင်ကာ ကေသီကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပွဲ့ဖက်ထားလိုက်မိသည်။ သွေးက စကားပြောသည် ထင်ပါသည်။ ကေသီလေးကား မိခင်ငတ်နေသူလေးဖြစ်၍နေ၏။ ဤအိမ်တွင်သူ့ကို အဖော်လုပ်ပေးမည့် မိန်းကလေးဖော်မရှိ။ ဒေါ်ဂျမ်းဘုံနှင့်လည်း အကျွမ်းတဝင်နေ၍မဖြစ်။

“ဒေါ်လေး ... ဘယ်လောက်ကြာအောင် နေမှာလဲဟင် ...”

“အကြာကြီးနေမှာပါ။ ကေသီလေး နေကောင်းလာတဲ့အထိပေါ့။ ကေသီက ဒေါ်လေးကျွေးတာတွေ စားရမယ်”

“ဒေါ်လေးက ဘာတွေကျွေးမှာလဲ”

“ကေသီအားရှိမဲ့ အာဟာရတွေပေါ့။ နို့တွေ၊ ကြက်ဥတွေ၊ အမဲသားတွေ၊ ကွေကာအုတ်တွေ ...”

ကေသီလေးက နှာခေါင်းရှုံ့ကာ ...

“ကေသီက အဲဒါတွေသိပ်မကြိုက်ဘူး။ ဒေါ်လေး ကျွေးတော့လည်း စားရတော့မှာပေါ့”

“ကေသီက ဘာတွေကြိုက်လဲ ...”

“ဆီးထုပ် ကြိုက်တယ်”

“ကေသီနေကောင်းတော့ စားရမှာပေါ့”





မြို့ထဲသွားနေသော ဦးဘအို ပြန်ရောက်လာသည့်အသံကြားသဖြင့် ခင်ဖုန်းလတ်က နှုတ်ဆက်ရန်ထွက်လာခဲ့၏။ ဦးဘအိုသည် ကိုဝင်းထွဋ်အဘိုးဖြစ်ကာ၊ ဝင်းထွဋ်အိမ်ထောင်ကျကတည်းက ဝင်းထွဋ်နှင့်အတူ လိုက်နေခဲ့သူ ဖြစ်၏။ အသက် (၈၀) ကျော်ပြီဆိုသော်လည်း မြို့ထဲသို့ ကိုယ်တိုင်ကားမောင်းကာ သွားလာနေတတ်၏။ မမမြတ်မဆုံးခင်က ဦးဘအိုနှင့်အတူတူနေခဲ့ကြဖူးသည်။စိတ်ကောင်းရှိသည့် လူကြီးတစ်ဦးဖြစ်၏။ သူ့မှာနှလုံးရောဂါရှိတာတော့ ခင်ဖုန်းလတ်က သိထားသည်။

“အဘိုး နေကောင်းရဲ့လား ...”

နှုတ်ဆက်တော့ ပြုံးကာ ...

“အခုပဲ မြို့လယ်ကို ကားကိုယ်တိုင် မောင်းပြီးသွားခဲ့တာ။ မာပါ့ဗျာ။ လတ်လတ်က ကြီးမှပိုလှလာသလိုပဲဟေ့”

ဟု ခွန်းတုန့်ပြန်၏။

မနက်စာထမင်းဝိုင်းတွင် ပြန်ဆုံကြသည်။ ကေသီလေးက ခင်ဖုန်းလတ်ဘေးတွင်ထိုင်ကာ၊ ခင်ဖုန်းလတ်ကျွေးသမျှ စားနေတာတွေ့ရတော့ ဦးဘအိုရော၊ကိုဝင်းထွဋ်ပါ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်နေကြ၏။ ဦးဘအိုက ...

"လတ်လတ်အစောကြီးကတည်းက လာသင့်တယ်။ ဒီအတိုင်းဆို မကြာခင်ကေသီလေး နေကောင်းသွားလိမ့်မယ်"

"ကလေးက ဖြူဖတ်ဖြူရော်ဖြစ်နေတယ်။ သွေးအားနည်းနေပုံရတယ်။ နေ့ခင်းကျ ကိုဝင်းထွဋ်မြို့ထဲသွားရင်း ဆေးဆိုင်က ဗီတာမင်အားဆေး တစ်မျိုးလောက်ဝယ်ခဲ့ပါ"

ခင်ဖုန်းလတ်က မှာလိုက်၏။ ထမင်းစားပြီးတော့ ကေသီလေးနှင့်အတူ ခြံထဲဆင်းလျှောက်သည်။ ပြီးတော့ နေခြည်နွေးနွေးလေးဖြာကျနေသော မြက်ခင်းပေါ်ထိုင်ကာ စကားပြောကြသည်။ ကေသီကလေးက အဝေးကိုမျှော်ငေးကြည့်နေသဖြင့် ..

"ကေသီ ... အမေ့ကိုသတိရနေလား"

ဟု ခင်ဖုန်းလတ်ကမေးတော့ ခေါင်းခါပြသည်။

"အဲဒီ့တုန်းက ကေသီက သိပ်ငယ်တော့ ဘာမှမမှတ်မိတော့ပါဘူး။ မေမေ့ကို ဓါတ်ပုံထဲကပုံပဲသိတယ်"

"ကေသီဘာဖြစ်လို့ နေမကောင်းဖြစ်တာလဲဟင်"

"ဟိုမိစ္ဆာမကြီးကြောင့်ပေါ့ ..."

ဟု ဖြေ၏။ သူ့အသံက ဒေါသသံစွက်၍နေတာ ခင်ဖုန်း





လတ် သတိထားလိုက်မိ၏။

"မိစ္ဆာမ ဟုတ်လား သမီး"

ဒီတော့ ကေသီက သူ့ဘက်လှည့်ကြည့်ကာ စေ့စပ်သေချာသော လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ် ဒေါ်လေး။ ဒီအိမ်မှာ သိပ်ကြောက်စရာကောင်းတဲ့ မိစ္ဆာတစ်ကောင်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲရှိတယ်။ မြေမြှုပ်ထားတဲ့ ဒေါ်ခင်ဖုန်းမြတ်ရဲ့အလောင်းကို ပြန်ဖော်စစ်ဖို့ပဲ။ ဆေးထိုးသတ်တာဆိုရင် အဆိပ်မိသေရတဲ့လက္ခဏာတွေ ရှိမှာပဲ။ ဒါပေမယ့် ဒီလိုအလောင်းကို ပြန်ဖော်ဖို့ဆိုတာ ...

(၄) သေခြင်းတရား၏နောက်ကွယ်၌



www.burmeseclassic.com

www.burmeseclassic.com



(၄) သေခြင်းတရား၏နောက်ကွယ်၌

"မင်း ဒီစကားတွေငါ့ကို ဘာကြောင့်လာပြောနေတာလဲ လတ်လတ်"

သူ့ကိုပြောလိုက်သည့် ကိုဝင်းထွဋ်၏လေသံက အနည်းငယ်မာဆတ်နေကာ သူ့မျက်နှာကလည်း စိတ်မရှည်ဟန် ပေါ်လွင်နေသည်။

"ကလေးက သူ သရဲတစ်ကောင်ကို မကြာခဏတွေ့နေရတယ်လို့ အခိုင်အမာပြောခဲ့တာ ကိုဝင်းထွဋ်။ အဲဒါကို မြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူလန့်ဖျားခဲ့တာပဲ။ ကျွန်မက ဒါကို လှစ်လျူရှုနေလို့ရမလား။ ကျွန်မက သူ့အဒေါ်တော်တယ်လေ"

"ငါကလည်း သူ့အဖေတော်တယ်ဆိုတာတော့ မေ့မထားနဲ့ဦး။ ငါ့သမီးလေးကို ငါလည်းချစ်တာပဲ။ သူဒုက္ခမရောက်အောင် အစွမ်းကုန်ကာကွယ်မှာပဲ။ မင်းကို တစ်ခုတော့ ပြောထားတယ်။ ငါ့အိမ်မှာ ငါ့သမီးလေးဟာ လုံးဝအန္တရာယ်မရှိနိုင်ဘူး။ အဲဒါကို ငါအာမခံနိုင်တယ်"

သို့တိုင်အောင် ခင်ဖုန်းလတ်က ကောင်းကောင်းမကျေနပ်။

"ရှင်က ဘာလို့ ဒီလောက်ရဲရဲရင့်ရင့် အာမခံနိုင်ရတာလဲ။ သရဲတစ်ကောင်ဆိုတာဘာလဲလို့ ရှင်နားလည်ရဲ့လား"

ကိုဝင်းထွဋ်မျက်နှာပေါ်တွင် စိတ်ပျက်ခြင်းပါပေါ်လွင်လာ၏။

"မင်းက ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပဲ။ ဒီတစ္ဆေဆိုတာကို ယုံသလား"

"တစ္ဆေသရဲကို ယုံတယ် မယုံဘူးဆိုတာ၊ ခေတ်ပညာတတ်တာ မတတ်တာနဲ့ မဆိုင်ဘူးထင်တယ် ကိုဝင်းထွဋ်။ ဒါက





ကျွန်မတို့မြန်မာလူမျိုးတွေရဲ့ ရိုးရာယုံကြည်မှုပဲ။ ရှင်က မယုံဘူးလား"

"ငါ ယုံတယ်မယုံဘူးဆိုတာ ထားလိုက်တော့၊ မင်းကိုငါပြောချင်တာက ဒီအိမ်မှာဘာသရဲမှမရှိဘူးဆိုတာပဲ။ ကလေးက ကယောင်ခြောက်ခြား လျှောက်ပြောတာတွေကို မင်းက အတည်ယူနေတာကိုး။ ဟိုမိန်းမကြီးလည်းအတူတူပဲ ..."

ဟုဒေါသဖြင့် ကိုဝင်းထွဋ်ကအော်ဟစ်လိုက်၏။ ဟိုမိန်းမကြီးဆိုတာက ဒေါ်ဂျမ်းဘုံကို ရည်ညွှန်းခြင်းဖြစ်သည်။ ကိုဝင်းထွဋ်က ခြံများဆီထွက်သွား၏။ ခင်ဖုန်းလတ်က ဦးဘအို၏ကားကိုငှားကာ မြို့လယ်သို့ထွက်လာခဲ့သည်။ ဤအိမ်တွင် ကိုယ်ပိုင်ကားနှစ်စီးရှိနေသည်။ မြို့လယ်ရှိ ကျော့ကျော့ရှင်းတို့ဆိုင်ရောက်တော့၊ ကျော့ကျော့ရှင်းက ဝမ်းသာအားရကြိုဆို၏။

"နေရတာ အဆင်ပြေလား။ အဆင်မပြေရင် ငါနဲ့လာနေ။ ငါဒီအနားမှာ တိုက်ခန်းတစ်ခန်းဝယ်ထားတယ်။ အမေတို့နဲ့ မနေတော့ဘူး။ တစ်ယောက်ထဲ နေနေတယ်"

"ဘာရည်ရွယ်ချက်နဲ့လဲ"

"ငါ မကြာခင် လက်ထပ်တော့မယ်လေ။ အဲဒါ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြုရင် သူနဲ့အတူနေမလို့"

"အဲဒီကံဆိုးရှာတဲ့ သတို့သားက ဘယ်သူလဲ"

"ကိုကျော်ဇင်တဲ့။ နိုင်ငံခြားသင်္ဘောလိုင်းတစ်လိုင်းတစ်ခုက အရာရှိပဲ။ ပြန်ရောက်နေတာ တစ်လလောက်ပဲ ရှိသေးတယ်။ နင်နဲ့မိတ်ဆက်ပေးရဦးမယ် ..."

ကော်ဖီအတူသောက်ကြရင်း အိမ်ကအကြောင်းတွေကို ခင်ဖုန်းလတ်က ပြောပြလိုက်၏။ ကျော့ကျော့ရှင်းက ...

"သရဲရှိတယ်,ဟုတ်လား။ ဒီခေတ်ကြီးမှာဟယ်"

"ဖြစ်နိုင်တယ်။ အဲဒီသရဲက တခြားသူ မဟုတ်ဘူး။ မမမြတ်ပဲ ဖြစ်ရမယ်"

"နင့် အစ်မဟုတ်လား ..."

"ဟုတ်တယ်။ သူက မချိမဆန့်သေဆုံးခဲ့ရတာလေ။ ပြီးတော့ သမီးနဲ့လင်ကိုစွဲလမ်းနေတော့ ဒီစိတ်နဲ့မကျွတ်လွတ်နိုင်ပဲ သရဲဖြစ်နေတာ ဖြစ်မှာပေါ့"

"အမယ်လေး။ ကြက်သီးထ,စရာကောင်းလိုက်တာ"

ကျော့ကျော့ရှင်းက ကြက်သီးထပြပြီးမှ ...

"နင့်ကို ပြောစရာရှိတယ်။ နင့်စိတ်ထဲမှာပဲထားနော် ..."





"ဘာစကားမို့လဲ ကျော့ကျော့ရဲ့"

ဟုမေးမှ ... ကျော့ကျော့ရှင်းက ...

"ဒီလိုလေ။ နင့်အစ်မဆုံးတော့ တို့မြို့ထဲမှာ ကောလဟာလသတင်းတွေ ထွက်သေးတယ်"

"ကိုဝင်းထွဋ်နဲ့ ချောချောကပဲ ပေါင်းပြီး နင့်အစ်မကို သတ်ပစ်လိုက်သလိုလို ဘာလိုလို သတင်းမျိုးပေါ့"

ထိုစကားမှာ ခင်ဖုန်းလတ်အတွက် အထူးအဆန်းဖြစ်နေသည်။

"ချောချောဆိုတာ ဘယ်သူလဲ ..."

"နင့်အစ်မကို ပြုစုဖို့အတွက် အိမ်မှာငှားထားတဲ့ သူနာပြုဆရာမလေ။ ချောအိခင်တဲ့။ လူတွေက ချောချောလို့ပဲ ခေါ်ကြတယ်။ သူကတကယ်လည်း ချောတယ်"

"ဒါတွေက ငါ ရန်ကုန်ပြန်သွားတုန်း ဖြစ်ခဲ့တာတွေပဲ။ သူနာပြုဆရာမတစ်ယောက် ငှားထားတယ်လို့တော့ သတင်းကြားခဲ့တယ်လေ။ ပြောပါဦး ... ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ..."

အရပ်ထဲက စကားများအရ ပြောရလျှင် ...

ကြိုးခြင်းထား ကြိုးခြင်းငြိဆိုသလို ကိုဝင်းထွဋ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမချောချောနှင့် ချစ်ကြိုက်ခဲ့ကြသည်။ လူမမာ ... မိန်းမနှင့် နေရသည့်ဘဝကို ငြီးငွေ့သည်ဆိုပါကလည်း အပြစ်ဆိုစရာမရှိချေ။ သူတို့နှစ်ယောက်ပေါင်းကာ ခင်ဖုန်းမြတ်ကို ဆေးထိုးသတ်လိုက်သည်ဟူသော အတင်းစကားက ပြန့်ပွားနေခဲ့၏။

ခင်ဖုန်းလတ်က ထိုစဉ်ကာလက အဖြစ်ကို ပြန်သတိရလာ၏။ အစ်မဖြစ်သူ၏ အသုဘအခမ်းအနားကို တက်ရောက်ဖို့ သူ နယ်ကိုပြန်လာခဲ့သည်။ အဲဒီ့တုန်းက ခေါင်းနားကပ်နေစဉ် ခေါင်းထဲက အသံတွေကြားခဲ့ရသည်ဟု သူထင်ခဲ့၏။ အသံက ခေါင်းဖုံးကိုလက်သည်းဖြင့် ကုတ်ခြစ်နေသောအသံ။ ခင်ဖုန်းလတ်က သူ့အစ်မမသေသေး၊ အရှင်လတ်လတ်မြေမြှုပ်ခံရသည်ဟုယူဆကာ ခေါင်းဖုံးကိုဖွင့်ပေးဖို့ ဖွတ်အတင်းပူဆာခဲ့သည်။ နောက်တော့ သူ့ကို ရူးကြောင်ကြောင်ဖြစ်နေပြီဟု ယူဆကာ၊အတင်းဆွဲခေါ်သွား၏။ ဆရာဝန်နှင့် စိတ်ငြိမ်ဆေးထိုးပေးခဲ့၏။ သူအိပ်ယာကနိုးသောအခါ အသုဘအခမ်းအနားက ပြီးစီးသွားပြီဖြစ်ကာ၊ သူလည်း ရန်ကုန်ပြန်ခဲ့ရလေသည်။

ကျော့ကျော့ရှင်းက တွေဝေနေသော ခင်ဖုန်းလတ်ကို ကြည့်ကာ၊





“ငါသိရတဲ့အရပ်စကားကို နင်သိရအောင် ပြန်ပြောပြတာပါ။ နင် သိပ်အလေးအနက် ထားမနေပါနဲ့။”

ဟုပြောလိုက်၏။ ခင်ဖုန်းလတ်က ...

“ယောကျ်ားဆိုတာ ယုံရတဲ့အမျိုးတော့ မဟုတ်ဘူး။ အစ်မကို ဘယ်လောက်ချစ်တယ်ပြောပြော အစ်မက ဒုက္ခိတလူမမာကြီး ဖြစ်နေတော့၊ တခြားလှလှပပ မိန်းကလေးတွေ့ရင် ဖောက်ပြန်ချင်ဖောက်ပြန်မှာပေါ့”

သူ့အစ်မကမကွယ်လွန်မီ အခြေအနေတော်တော်ဆိုးဝါးခဲ့သည်။ မီးလောင်မှုဒဏ်၊ ကားတိုက်မှုဒဏ်တို့ကြောင့် နားကလုံးဝမကြားသည့်အပြင်၊ စကားမပြောနိုင်ပဲ ဆွံ့အ၍ သွားခဲ့သည်။ အမြင်အာရုံကတော့ မချို့ယွင်းဟု ပြောသည်။ ဘယ်ယောကျ်ားချစ်လှပါသည်ဆိုသော ယောကျ်ားပဲဖြစ်ပါစေ၊ ဒီလိုအခြေအနေမျိုးတွင် မေတ္တာမပျက်ဖို့ဆိုတာ ခက်ခဲလှလေသည်။

“ဒါထက် ...အဲဒီချောချောဆိုတာ ဘယ်ရောက်သွားသလဲ”

“နင့်အစ်မသေပြီးတဲ့နောက် သူလည်း ပျောက်သွားတာပဲ။ ကောဟာဟာလစကားတွေကြောင့် အနေခက်တယ်နဲ့တူပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့နယ်သူပြန်သွားတယ်လို့ ပြောတာပဲ”

လက်စပြတ်၍ သွားသည်။ တကယ်တော့ ခင်ဖုန်းလတ်က ချောချောနှင့်တွေ့ဆုံကာ၊ အဖြစ်မှန်ကို မေးမြန်းချင်ပါသေးသည်။ တကယ်တမ်းသာဆိုရင် ဒါကလူသတ်မှုတစ်ခုပင်။ ဤအတိုင်းဆို တရားခံက အပြစ်မပေးခံရပဲ လွတ်မြောက်နေသည်။ ခင်ဖုန်းလတ်က ...

“ဒီကိစ္စကို ငါက တရားလိုလုပ်ပြီး အမှုဖွင့်လို့မရဘူးလား”

ဟုမေးလိုက်တော့ ကျော့ကျော့ရှင်းက သက်ပြင်းချသည်။

“နင့်ကိုငါ ပြောမိတာမှားပြီ ထင်ပါတယ်။ ဒီကိစ္စတွေဖြစ်ခဲ့တာကြာပြီလေ လတ်လတ်ရဲ့။ ပြီးတော့ ဒီကိစ္စက ပါဆယ်သတင်းပဲ။ ဘာမှလည်း သက်သေအထောက်အထား ရှိတာမဟုတ်ဘူး။ ဒီလောက်နဲ့ ဘယ်လိုလုပ် အမှုဖွင့်လို့ရနိုင်မှာလဲ။ ဟော ပြောရင်းဆိုရင်းနဲ့ ရဲတစ်ယောက်ရောက်လာပြီ။

ဆိုင်ထဲကို သက်လတ်ပိုင်းအရွယ်ယောကျ်ားနှစ်ယောက် ဝင်လာသည်။ နှစ်ယောက်လုံးပင် အရပ်အမောင်းမြင့်မားကြကာ





အကောင်းစားဘောင်းဘီနှင့်ရှပ်အင်္ကျီများကို ဝတ်ဆင်ထားကြ၏။ တစ်ယောက်က ဆံပင်ရှည်ရှည် ရောင်ကိုင်း ဒီဂရီမျက်မှန်နှင့်။ တစ်ယောက်က ဆံပင်တိုတို၊ နှုတ်ခမ်းမွှေးရေးရေးနှင့်။ ကျော့ကျော့ရှင်းက မိတ်ဆက်ပေး၏။

“ဒါကငါ့အမျိုးသား။ ကိုကျော်ဇောတဲ့။ ဒါက ကိုကျော်ဇောသူငယ်ချင်း၊ ဒီမြို့ကိုပြောင်းလာတဲ့ ရဲအုပ်ကိုမင်းဇော်။ သူက ကျော့ကျော့ရဲ့အချစ်ဆုံးသူငယ်ချင်း ခင်ဖုန်းလတ်ပါ”

ဒီဂရီမျက်မှန်နှင့်လူက ကိုကျော်ဇောဖြစ်၍ နှုတ်ခမ်းမွှေးရေးရေးနှင့်လူက ကိုမင်းဇော်ဖြစ်၏။ ရဲအရာရှိတစ်ဦးမို့လားမသိ။ သူ့မျက်နှာက ပို၍တည်ကြည်နေ၏။ ကိုကျော်ဇောနှင့်ကျော့ကျော့ရှင်းက ညနေစာစားရန် ချိန်းထားခြင်းဖြစ်ရာ၊ နှစ်ယောက်လုံးက သူတို့နှင့်အတူ ညစာလိုက်စားဖို့ ဖိတ်ခေါ်၏။ ငြင်းမရဖြစ်နေ၍ သူတို့စားသောက်မည့်ဟော်တယ်သို့ ခင်ဖုန်းလတ်ပါသွားလေသည်။

ဟော်တယ်မှာ အတော်ပင်အဆင့်အတန်းမြင့်ပြီး၊ ရန်ကုန်ရှိ နာမည်ကြီးဟော်တယ်တစ်ခု၏ လက်ခွဲဖြစ်သည်။ ဈေးကြီးသလောက် အစားအသောက်ကလည်း ကောင်းမွန်၏။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် ကြုံခဲ့ရသည့်အဖြစ်တွေကြောင့် စိတ်ထဲတွင်ရှုပ်ထွေးနေသော ကျိုနေသည့် ခင်ဖုန်းလတ်မှာ ကောင်းကောင်းမစားနိုင်ပဲ ရှိသည်။ ထမင်းဖိတ်ကျွေးသူတွေ စိတ်ကျေနပ်အောင် ဟန်လုပ်စားနေရ ၏။ စူးရသောမျက်လုံးများ ရှိသည်။ ကိုမင်းအောင်က ရဲအုပ်တစ် ဦးပီပီ၊ အကဲခတ်ဟန်တူသည်။

"ကျွန်တော့်ကြောင့်များ.စိတ်အနှောင့်အယှက်ဖြစ်နေသ လား"

ဟု ထုတ်ဖော်မေးတော့၊ ခင်ဖုန်းလတ်ပင် အားတော အားနာဖြစ်သွား၏။ ပြာပြာသလဲပင် ...

"မဟုတ်ပါဘူးရှင် ... မဟုတ်ပါဘူး ..."

ဟုငြင်းရ၏။ ကျော့ကျော့ရှင်းက

"ဒီလို ကိုဇော်မင်း သူ့မှာ ပြဿနာနည်းနည်းရှိနေလို့

ဟုဆိုကာ ဖြစ်ခဲ့ရပုံကို ရှင်းပြလိုက်သည်။ ကိုဇော်မင်း ပြုံးကာ ...

"တစ္ဆေသရဲကိုတော့ ကျွန်တော်လည်းမနိုင်ဘူး။ အထ လမ်းဆရာတစ်ယောက်ယောက်နဲ့ တိုင်ပင်တာ ပိုကောင်းမ ထင်တယ်"





ဟု အစွန်းဖောက်၏။

ဒီတော့ ကျော့ကျော့ရှင်းက ချောချောကိစ္စကိုပါ ပြောပြ လိုက်သည်။ ဒီကိစ္စကိုတော့ မင်းဇော်က အတော်ပင်စိတ်ဝင်စား သွား၏။

"ဒီကိစ္စက ကျွန်တော်မရောက်ခင်က အမှုပဲ။ ကျွန်တော် ပြန်စုံစမ်းကြည့်ပါဦးမယ်။ သက်သေမခိုင်လုံဘဲနဲ့တော့ အမှုဖွင့်လို့ မရဘူး။"

"လွန်ခဲ့တဲ့(၇)နှစ်က ဖြစ်ခဲ့တာဆိုတော့ ဘယ်လိုသက် သေရှာမလဲ။"

ဟု ခင်ဖုန်းလတ်က ငြီးတွားလိုက်၏။ မင်းဇော်က ...

"တစ်ခုပဲရှိတယ်။ မြေမြှုပ်ထားတဲ့ ဒေါ်ခင်ဖုန်းမြတ်ရဲ့အ လောင်းကို ပြန်ဖော်စစ်ဖို့ပဲ။ ဆေးထိုးသတ်တာဆိုရင် အဆိပ်မိ သေရတဲ့ လက္ခဏာတွေရှိမှာပဲ။ ဒါပေမယ့် ဒီလိုအလောင်းကိုပြန် တူးဖော်စစ်ဆေးခွင့်ရဖို့ဆိုတာလည်း အတော်ပဲခက်ခဲပါတယ်။ အထူးသဖြင့် ကာယကံရှင်သေသူခင်ပွန်းက ကန့်ကွက်နေရင် မဖြစ်နိုင်ဘူး"

ခင်ဖုန်းလတ် စိတ်ပျက်သွားသည်။ ဤအတိုင်းဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



လျှော့လိုက်ဖို့သာရှိသည်။ အားလုံးကိုနှုတ်ဆက်ကာ သူထမင်းပိုင်းမှ ဆ,ပြန်လာခဲ့၏။ အိမ်ပြန်လာသည့် လမ်းတစ်လျှောက်လုံး ကားမောင်းလာရင်းအတွေးတွေ ဝေနေခဲ့၏။

ဤစကားတွေကို ကျော့ကျော့ရှင်းထံရောက်မှ ကြားခဲ့ရခြင်းဖြစ်သည်။ သူရင်မောသွားသည်။ ကိုဝင်းထွဋ်ဆိုတာ ဒီလိုဖောက်ပြန်တတ်သည့်လူလား။ အတိအကျပြောနိုင်ရန် ခက်ခဲလှသည်။ အိမ်ရောက်တော့ ကိုဝင်းထွဋ်က ...

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ။ ညစာစားဖို့ တို့စောင့်နေသေးတယ်"

"ကျွန်မ အပြင်မှာ သူငယ်ချင်းနဲ့ ညစာစားနေလို့။ ဆောရီးပဲ။"

"နောက်ဆို မင်းဖုန်းဆက်ပြောပါ။ မင်းအတွက် ငါက စိတ်ပူနေရတယ်။ ဒီမြို့မှာ မင်းကလူစိမ်းပဲ။ တစ်ခုခုဖြစ်သွားရင် ငါ့မှာ တာဝန်ရှိတယ်"

ဟုဆိုသည်။ ခင်ဖုန်းလတ်က ကိုဝင်းထွဋ်ကို လေ့လာအကဲခတ်ကြည့်၏။ ထူးထူးခြားခြား မသင်္ကာစရာမတွေ့ရ။ မိမိကပဲ လူကဲခတ်ညံ့နေသလား။ ကိုဝင်းထွဋ်ကပဲ ဟန်ဆောင်ကောင်း





လေသလား။

သူ့အခန်းကို မဝင်မီ၊ ကေသီကလေးအခန်းကို သွားခဲ့သည်။ ကေသီလေးက အိပ်ယာပေါ်တွင်ထိုင်ကာ ကာတွန်းစာအုပ်ကိုဖတ်နေ၏။ သူ့ကို ပုံပြောပြပါဆိုသဖြင့် ပုံတစ်ပုံပြောပြရသေးသည်။

ပုံပြောပြီးတော့ သူ့ကိုသိပ်ဖို့ပြင်ဆင်ရင်း၊ ခေါင်းအုံးအောက်တွင် ခု,နေသောအရာတစ်ခုကိုတွေ့လိုက်ရသဖြင့် လက်ဖြင့်ဆွဲထုတ်လိုက်သောအခါ ... ဓါးအိမ်ဖြင့်ထည့်ထားသော ဓါးမြှောင်တစ်ချောင်းကိုတွေ့ရ၏။ ဒါကိုမြင်ရတော့ ခင်ဖုန်းလတ်အံ့သြထိတ်လန့်သွားသည်။ ဓါးတစ်ချောင်းနှင့် ကလေးတစ်ယောက်ဆိုတာ ဘယ်လိုမှအပ်စပ်သည့်အရာမဟုတ်။

"ဒါက ဘာကြောင့် ဒီနေရာကိုရောက်နေတာလဲ ကေသီ"

"သမီးကို ဒေါ်ဂျမ်းဘုံပေးထားတာ။ မိစ္ဆာမကြီးလာရင် ကာကွယ်ဖို့ ..."

"မိစ္ဆာမကြီး ဟုတ်လား"

ဒီစကားကိုကြားရပြန်ပြီ။ ကေသီက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးကို ပြောဖူးတယ်လေ။ ဒီအိမ်မှာသရဲရှိတယ်ဆိုတာ။ အဲဒီသရဲက တစ်ခါတစ်လေ သမီးအခန်းထဲရောက်နေတတ်တယ်"

ခင်ဖုန်းလတ် စိတ်မောသွား၏။ ကလေးကို ဘယ်လိုအဆင်ပြေအောင် ပြောရမလဲတွေးသည်။ စဉ်းစားပြီး ...

"ဒီဓါးကို ဒေါ်လေးပြန်သိမ်းသွားမယ်။ ဓါးဆိုတာ ကလေးတွေအတွက် အင်မတန်အန္တရာယ်များတယ်။ ပြီးတော့တစ္ဆေသရဲကို ဒီဓါးနဲ့တိုက်ခိုက်လို့မရဘူး။ သူတို့ကြောက်တာက ရတနာသုံးပါးပဲ။ သမီးအိပ်ကာနီးရင် ဘုရားရှိခိုးပြီးအိပ်။ သူတို့အနှောင့် အယှက်မပေးနိုင်ဘူး။"

ကေသီလေးက သူ့ဆီကဓါးသိမ်းထားမှာကို ကျေနပ်ဟန်တော့မတူ။ ဒါပေမယ့် မတတ်နိုင်။ ဓါးမရှိပဲနေတာထက် ဓါးရှိနေတာက ကလေးအတွက် အန္တရာယ်ပိုများနိုင်သည်။

"သမီးတစ်ယောက်တည်း မအိပ်ရဲဘူးဆိုရင် သမီးနဲ့အတူတူ ဒေါ်လေးလာအိပ်ပေးမယ်လေ"

ဟုခင်ဖုန်းလတ်ကပြောတော့ လက်မခံ။

"ဟင့်အင်း ... ဒီလိုအိပ်တာကို ဖေဖေက ခွင့်ပြုမှာမဟုတ်





ဘူး။ ဖေဖေ ဆူလိမ့်မယ်" ဟု ငြင်း၏။

ကိုဝင်းထွဋ်က တချို့အချက်တွေမှာ အနောက်တိုင်းဆန်သည်။ လူပျိုလူလွတ်ဘဝက ဥရောပကိုခြလုပ်ငန်းလေ့လာရန် အတော်ကြာကြာခရီးထွက်ခဲ့ဖူးသည်ဆို၏။ သူက အိမ်ထောင်ကျစဉ်ကလည်း ခင်ဖုန်းမြတ်နှင့်တစ်ခန်းစီသာ အိပ်ကြတာ တွေ့ဖူး၏။ ကလေးရလာတော့လည်း ကလေးကိုတစ်ခန်းခွဲကာ သိပ်သည်။ ကလေးသည် ငယ်စဉ်ကတည်းက ကိုယ့်ကိုကိုယ်အားကိုးချင်စိတ်ပေါ်ပေါက်အောင် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ကေသီလေးကို နှုတ်ဆက်ကာ ထွက်ခဲ့တော့ ကေသီက ...

"ဒေါ်လေးတံခါးကို လုံလုံပိတ်အိပ်နော်"

ဟု သတိပေးစကား ပြောလိုက်သေး၏။

"ဂွတ်နိုက် ... အိပ်မက်လှလှမက်ပါစေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းကိုပြန်သောအခါ ပိတ်ထားသောအခန်းတစ်ခန်းကို ဖြတ်ကျော်ခဲ့ရသည်။ ထိုအခန်းကား ခင်ဖုန်းမြတ်ရှိစဉ်က ခင်ဖုန်းမြတ်နေခဲ့သော အခန်းဖြစ်သည်။ ခင်ဖုန်းမြတ်သည် ဤအခန်းထဲတွင်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကိုဝင်းထွဋ်အခန်းက ကေသီလေး၏အခန်းတစ်ဘက်တွင်ရှိကာ၊ အပေါ်ထပ်ရှိ အိပ်ခန်းလေးခန်းအနက် အစွန်ဆုံးအခန်းဖြစ်သည်။ ဦးဘအိုကတော့ လူကြီးဖြစ်သဖြင့် တက်ရဆင်းရခက်ခဲသော အပေါ်ထပ်တွင်မနေပဲ၊ အောက်ထပ်တွင်သာနေ၏။

တစ်နေ့လုံးစိတ်မောလူမော ပြဿနာတွေကြုံခဲ့ရသဖြင့် အိပ်ယာပေါ်လှဲလိုက်ပြီး မကြာမီမှာပင် ခင်ဖုန်းလတ်အိပ်ပျော်သွား၏။ သို့သော် ... အိပ်မက်ဆိုးတွေ မက်၍နေသည်။

အိပ်မက်ထဲရှိ မီးတောက်ထဲ၌ အော်ဟစ်နေသော သူ့အစ်မခင်ဖုန်းမြတ်ကို တွေ့နေရသည်။ မီးတောက်တွေက ခင်ဖုန်းမြတ်ကို ဝါးမြိုတောက်လောင်နေတာကို သူကအကူအညီမပေး





နိုင်ပဲ ဒီအတိုင်းကြည့်နေရသည်။ ပြီးတော့ ...

ခေါင်းထဲမှာ အရှင်လတ်လတ်ထည့်ပိတ်ခံရသော ခင်ဖုန်းမြတ်။ သူကခေါင်းထဲတွင် ပြန်လည်နိုးထလာကာ၊ ခေါင်းဖုံးကိုလက်တွေဖြင့် ကုတ်ခြစ်ရင်းဖွင့်နိုင်ရန် ကြိုးစား၏။ သူ့လက်သည်းတွေပွဲ့ရွဲ့ကာ၊ သူ့လက်ချောင်းတွေမှ သွေးတွေသာယိုစီးလာ၏။ ခေါင်းအဖုံးက မပွင့်။

မမမြတ် ...။

အော်လိုက်သောသူ့အသံတွေက လည်ချောင်းထဲတွင်ပင် တိမ်ဝင်နစ်မြုပ်သွား၏။ သူအိပ်မက်က လန့်နိုးလာသည်။ သို့သောကိုယ်တွေလက်တွေက ရုတ်တရက်လှုပ်ရှားမရသေး။ မျက်လုံးတွေကို အားယူဖွင့်ကြည့်၏။ မျက်ခွံတွေက လေးလံနေသည်။

သူ့မျက်နှာပေါ် စီးမိုးကြည့်နေသော ကြောက်စရာကောင်းလှသည့် မျက်နှာကြီးတစ်ခုကိုတွေ့လိုက်ရသဖြင့်၊ ခင်ဖုန်းလတ် ထိတ်လန့်တုန်လှုပ်သွားသည်။ ဆံပင်ရှည်တွေက ကျိုးတို့ကျဲတဲ။ မျက်လုံးတစ်ဖက်ကအပြင်သို့ ပြူးထွက်ကာပျက်စီးနေ၏။ မျက်သားဖြူဖြူတွေသာရှိသော ဤမျက်လုံးတစ်ဖက်ကဘာကိုမှမြင်ရဟန်မတူ။ ကျန်မျက်လုံးတစ်ဖက်ကတော့ အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ဝင်နေသော မျက်လုံးနက်နက်ထဲတွင် အဝေးကကြယ်လေး တစ်လုံးလို တောက်ပနေ၏။ မျက်နှာက ညှိုညှာသောအသား ပြင်ဟုရှာမတွေ့ပဲ အရိုးပေါ်အရေတင်ဖြစ်ကာ၊ ရှုတ်တွနေသလို နှုတ်ခမ်းတွေကလည်း ရွဲ့လိမ်နေလေရာ၊ မျက်နှာဟုခေါ်ရန် ခက်လှသော မျက်နှာကြီးဖြစ်၏။ တစ္ဆေသရဲဆိုတာ ဒီလိုအရာမျိုးပေလား။

သူတွေ့ကြုံနေရတာ အစစ်အမှန်လား၊ အိပ်မက်လား။ ခင်ဖုန်းလတ် ဝေခွဲမရ။





နောက်ကခြေသံတစ်ရှပ်ရှပ်ကြားရ၏။ ရတ်တရက်မို့ ကြက်သီးထ,ကာ နောက်လှည့်ကြည့်လိုက်သောအခါ၊ မြင်ရသောမြင်ကွင်းကြောင့် လန့်၍သွားသည်။ မှောင်မည်းမည်းတွင် ဝတ်စုံအနက်နှင့်မိန်းမကြီး။

(၅) မြေတိုက်ခန်း၏လျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com



## (၅) မြေတိုက်ခန်း၏လျှို့ဝှက်ချက်

သူ ဖြတ်ကနဲ ...

အာရုံတွေ ပွင့်၍သွားသည်။ ဘီလူးအစီးခံရသလို၊ ထမင်းလုံးတစ္ဆေအခြောက်ခံရသလို ခံစားနေရရာမှ လွတ်မြောက်သွားခြင်းဖြစ်သည်။ သူ့မျက်နှာရှေ့တွင်ပေါ်နေသော ကြောက်စရာကောင်းလှသည့်မျက်နှာကြီးက ပျောက်ဆုံး၍သွားသည်။ သူ အိပ်မက်မက်နေတာလား၊ တကယ်တွေ့ကြုံလိုက်ရတာလား။ ဝေခွဲမရ။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ယခုလိုနိုးထမလာနိုင်ခင် သူ့နားထဲ၌အသံတစ်သံကြားလိုက်သလိုရှိသည်။သူ့အာရုံတွေ ရှင်းရှင်းလင်းလင်းမရှိသေးခင်မို့ ဘာသံပဲဟု ခွဲခွဲခြားခြားမပြောနိုင်။ အိပ်ယာထဲကထ,ထိုင်ကာ သူ့အခန်းထဲကို လှည့်ပတ်ရှာကြည့်၏။ အခန်းထဲတွင် သူ့ကုတင်ခြေရင်း၌ ထွန်းညှိထားသော အပြာနုရောင်ငါးတိုင်အားမီးအလင်းက မှုန်ဝါးဝါးဖြာကျနေ၏။ အခန်းထဲတွင် သူကလွဲ၍ သက်ရှိသတ္တဝါ တစ်စုံတစ်ရာမှရှိမနေ။ သို့သော် သူ့အိပ်ခန်းတံခါးက အနည်းငယ်ပွင့်ဟနေတာမြင်ရတော့ ခင်ဖုန်းလတ်တွေးတောမရဖြစ်သွား၏။

တကယ်တော့ ...

သူမအိပ်ခင်က ဤအခန်းတံခါးကို သေသေချာချာပိတ်ထားခဲ့တာ သေချာပါသည်။ ဘာကြောင့် ပွင့်နေရသနည်း။ အခန်းထဲကို တစ်ယောက်ယောက်ဝင်ရောက်လာခဲ့သလား။သူအိပ်ယာကထ,ကာ နံရံဆီသွားရင်း၊ မီးချောင်းခလုတ်ကို ဖွင့်လိုက်၏။ အခုတော့ တစ်ခန်းလုံးလင်းထိန်၍သွားသည်။ သူ့အခန်းထဲတွင်လဲနေသော ခွေးခြေကုလားထိုင်ငယ်တစ်လုံးကို တွေ့ရ၏။ ဤလေးလံသော ခွေးခြေသည် လေတိုက်၍လဲကျနိုင်သော အရာမ





ဟုတ်။ တစ်စုံတစ်ယောက်က မမြင်မစမ်းနှင့် ဝင်တိုက်သွားတာသေချာသည်။

သူ့အခန်းထဲက အပြင်ထွက်လိုက်သည်။ စင်္ကြံတွင်တစ်ညလုံးထွန်းထားဟန်တူသည့် အလင်းရောင်မှိန်မှိန်ရှိနေသည်။ ထိုအလင်းရောင်ကြောင့် ဝိုးတဝါးအရိပ်တစ်ခုကို ဖြတ်ကနဲမြင်လိုက်သလို ထင်မှတ်လိုက်၏။ အိပ်ယာထဲက အိပ်ချင်မူးတူးထလာရသဖြင့် စိတ်ထဲမှာယုန်ထင်ကြောင်ထင် ထင်နေတာမျိုးလည်းဖြစ်နိုင်သည်။ ဘေးကအခန်းထဲကို ဝင်လိုက်သည်။ ထိုအခန်းမှာ ကေသီလေးအခန်းဖြစ်သည်။ တံခါးကိုဖွင့်ကြည့်လိုက်တော့ ကလေးက ကောင်းစွာအိပ်ပျော်နေတာ တွေ့ရသည်။

ကိုဝင်းထွဋ်အခန်းကိုကျော်လိုက်လျှင် အောက်ထပ်သို့ဆင်းသွားသော လှေကားထိပ်ကိုရောက်၏။ ထိုလှေကားဆီသို့လျှောက်သွားကာ အောက်ထပ်ဆင်းလာခဲ့သည်။ သူကအခန်းကိုလှည့်ပတ်ကြည့်နေစဉ် ...

နောက်က ခြေသံတစ်ရပ်ရပ်ကြားလိုက်ရ၏။ ရုတ်တရက်မို့ ကြက်သီးထ,ကာ နောက်လှည့်ကြည့်လိုက်သောအခါ မြင်ရသောမြင်ကွင်းကြောင့် လန့်၍သွားသည်။ မှောင်မည်းမည်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံအနက်နှင့်ရပ်နေသော မိန်းမကြီး။ ထိုမိန်းမကြီးလက်ထဲတွင် ဓါးမြှောင်တစ်လက်ကို အသင့်ထိုးရန်အနေအထားဖြင့် ကိုင်မြှောက်ထား၏။

"ဒေါ်ဂျမ်းဘုံ"

"မမလေး ... ဘာလုပ်နေတာလဲ"

"ရှင်ကရော ..."

ဟု ခင်ဖုန်းလတ်က ပြန်မေးလိုက်တော့ ..

"ဒီအပြင်က အသံတွေကြားနေရလို့ ထွက်လာတာ"

"ရှင်လည်း ကြားသလား ..."

"ဟုတ်တယ် ...ကျွန်မအတွက်တော့ ရိုးနေပြီ ..."

ဒေါ်ဂျမ်းဘုံပုံက အကြောက်အလန့်မရှိ။

"မမလေးကို ကျွန်မပြောသွားပဲ။ ဒီအိမ်မှာ မိစ္ဆာမတစ်ကောင် ရှိနေတယ်ဆိုတာ"

ဒေါ်ဂျမ်းဘုံက ကိုဝင်းထွဋ်အဘိုး ဦးဘအိုလိုပင် အောက်ထပ်တွင်သာနေထိုင်သူ ဖြစ်၏။ ခင်ဖုန်းလတ်က ...

"ရှိနေတယ်ဆိုရင် ကျွန်မအဲဒီမိစ္ဆာမကို မတွေ့တွေ့အောင်ရှာမယ် ဒေါ်ဂျမ်းဘုံ။ ကျွန်မက မိစ္ဆာမုဆိုးပေါ့"





"ကောင်းတယ် ဆရာမပြောလိုက်တဲ့ နာမည်လေးကောင်းတယ်။ ဘာတဲ့။ မိစ္ဆာမုဆိုး ... ဟုတ်လား"

"ဟုတ်တယ်။ကေသီလေးကို ဘာအန္တရာယ်မှမပြုနိုင်အောင်၊ ကျွန်မက စောင့်ရှောက်ရမယ်။"

"မမလေးကို ကျွန်မကူညီပါ့မယ် ..."

သူတို့ မီးဖိုထဲဝင်ခဲ့ကြသည်။ မီးဖိုထဲတွင်လည်း မသင်္ကာဖွယ်ရာမတွေ့ရ။ မီးဖိုထဲတွင် ပိတ်ထားသောတံခါးတစ်ခုကိုတွေ့ရ၏။ မေ့နေသောခင်ဖုန်းလတ်က ကောင်းစွာသတိရလာသည်။ ဤမီးဖိုနှင့်တွဲလျက် မြေအောက်ခန်းတစ်ခုရှိသည်။ ယခင်က တိုလီမိုလီပစ္စည်းများ စုသိမ်းရာ၊ မီးသွေးနှင့်ထင်းတွေသိုလှောင်ရာနေရာအဖြစ်အသုံးပြုခဲ့၏။ သူက တံခါးကိုဖွင့်ကြည့်၏။ မရ။ ဒေါ်ဂျမ်းဘုံက

"ဒီတံခါးက အသေပိတ်ထားတာလေ။ ကျွန်မရောက်လာကတည်းက တစ်ခါမှဖွင့်တာမတွေ့ရဘူး"

သူတို့ရှိရာကို လက်နှိပ်ဓါတ်မီးအရောင်ထိုးချပေးကာ

"ဘာလုပ်နေတာလဲ လတ်လတ်"

ဟူသော ကိုဝင်းထွဋ်အသံ ထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအိပ်နေရင်း အသံတွေကြားလို့ ထ,ကြည့်နေတာပါ ကိုဝင်းထွဋ်"

"ကြွက်တွေကြောင်တွေ သောင်းကျန်းနေတာ ဖြစ်မှာပေါ့"

"အိမ်မှာ ကြောင်မှမရှိပဲ ..."

"တခြားအိမ်ကကြောင်တွေလည်း ရောက်လာနိုင်တာပဲ။ ဒီတံခါးကို မင်းမဖွင့်ပါနဲ့။ အန္တရာယ်ရှိတယ်"

"ဘယ်လို အန္တရာယ်မျိုးလဲ ..."

"မြေတိုက်ခန်းရဲ့လှေကားတွေက ဆွေးနေပြီ။ ဆင်းရင် ကျိုးကျပြီး ထိခိုက်ဒဏ်ရာရနိုင်တယ်။ လူမဝင်တာကြာပြီဆိုတော့ အဲဒီမြေတိုက်ခန်းထဲမှာ မြွေလိုကင်းလိုအဆိပ်ရှိတဲ့ သတ္တဝါတွေလည်းရှိတယ်။ အိမ်မှာကေသီလေးလည်းရှိနေတော့ လူကြီးတွေမရှိတုန်း သူဆင်းမှာစိုးလို့ အသေပိတ်ထားတာ"

ဒီကိစ္စက ဒီမှာပင် ပြီးပြတ်သွားသည်။ ခင်ဖုန်းလတ်သူ့အခန်းပြန်လာခဲ့ရသည်။ အိပ်ယာထဲပြန်လှဲတော့လည်း ကောင်းကောင်းအိပ်မပျော်။ တစ္ဆေသရဲတစ်ကောင်ကို မိအောင်ဖမ်းမည်ဟု သူစိတ်ကူးခဲ့တာပင် ရှုံးသွပ်မှုတစ်ခုဟု ဆိုရပေမည်လား မသိ





တော့ပါချေတကား။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အတော်နေမြင့်တော့မှ ခင်ဖုန်းလတ်နိုး၍လာသည်။ ညကစိတ်ရှုပ်ထွေးစရာကိစ္စကြောင့် သူတော်တော်နှင့်အိပ်မပျော်ခဲ့။ မိုးလင်းကာနီးကျမှ အိပ်ပျော်သွားခဲ့သည်။ ယခုနိုးလာတော့ နေရောင်ကပြတင်းပေါက်ကတစ်ဆင့်ကုတင်ဘေးကြမ်းခင်းပေါ် ထိုးကျနေလေပြီ။ ဘေးက စားပွဲတင်နာရီကိုကြည့်လိုက်တော့ မနက်(၈)နာရီခွဲ။

မိန်းကလေးတစ်ယောက်အနေဖြင့် ဒီလောက်အိပ်နေဖို့မကောင်း။ သူကော်ဖီစားပွဲသွားထိုင်တော့ ဒေါ်ဂျမ်းဘုံက ကော်ဖီတစ်ခွက် ဖျော်ပေးသည်။ အသင့်တွေ့ရသောပေါင်မုန့်ကိုပင်ထောပတ်ပါးပါးသုတ်ကာ စားလိုက်၏။ စားသောက်ခန်းထဲကကြည့်လျှင် အိမ်ရှေ့မြက်ခင်းထဲ၌ ဦးဘအိုနှင့် ကေသီလေးတို့ဘောလုံးပစ်တမ်းကစားနေတာ တွေ့ရ၏။ ခင်ဖုန်းလတ်ကဒေါ်ဂျမ်းဘုံအား ...

"ကိုဝင်းထွဋ် ... ဘယ်သွားလဲ ..."





"ခြံနောက်ဘက် အဆောက်အဦးထဲမှာ ..."

စားသောက်ပြီးတော့ ခြံနောက်ဘက်က အုတ်တိုက်အဆောက်အဦးကလေးဆီ ခင်ဖုန်းလတ်ထွက်လာခဲ့သည်။ ခပ်သေးသေးအဆောက်အဦးလေးဖြစ်ကာ၊ လူနေရန်ဆောက်လုပ်ထားခြင်းမဟုတ်။ ယခင် သူ၏အိမ်တွင်နေစဉ်အခါက ...

၎င်းအဆောက်အဦးကလေးကို ဦးဘအိုဖိုထိုးရန်ဆောက်လုပ်ထားခြင်းဖြစ်သည်။ အရင်ကဖိုထိုးကာ ဝါသနာပါခဲ့၏။ အခုတော့ ဖိုထိုးဟန်မတူတော့။

၎င်းအဆောက်အဦးနားရောက်လာတော့ အဆောက်အဦးငယ်ခေါင်မိုးပေါ်ရှိ မီးခိုးခေါင်းတိုင်ငယ်အတွင်းမှ တလူလူထွက်ပေါ်နေသည့် မီးခိုးငွေ့တွေကို တွေ့ရလေသည်။ ထိုအဆောက်အဦးငယ်တွင် ယခင်က တံခါးတစ်ချပ်တပ်ဆင်ထားဖူးသော်လည်း၊ ယခု ထိုတံခါးက မရှိတော့။ အပြင်မှအထဲကိုတိုးလျှိုပေါက် ဝင်ရောက်သွားနိုင်သည်။ အခန်းထဲတွင် မီးဖိုဘေး၌ရပ်၍မီးပုံထဲသို့ သံကောက်ဆွနှင့်ထိုးဆွနေသော ကိုဝင်းထွဋ်ကိုတွေ့ရ၏။ သူ့ရှေ့မှာမီးဖိုက အလျှံဖြင့် တောက်လောင်နေလေသည်။ သူက ဝင်လာသော ခင်ဖုန်းလတ်ကို တစ်ချက်မျှ[illegible]ဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင်းကြည့်ရင်း ဟန်မပျက်သူ့အလုပ်ကို သူလုပ်ကိုင်နေ၏။ လက်တစ်ဖက်က သံကောက်ဆွကိုကိုင်ထားပြီး၊ လက်တစ်ဖက်က စာအုပ်တစ်အုပ်ကို ကိုင်ထားသည်။ စာအုပ်မှာအဝေးကလှမ်းကြည့်ရသော်လည်း ဒိုင်ယာရီနေ့စဉ်မှတ်တမ်းစာအုပ်ဟု သိသာနိုင်၏။ အနားရောက်လာသည့် သူ့အား ...

"ညက ကောင်းကောင်းအိပ်ရရဲ့လား"

ဟု နှုတ်ဆက်လိုက်၏။

"မိုးလင်းကာနီးမှ အိပ်ပျော်သွားတယ်"

"မင်းအိပ်မက်ဆိုးတစ်ခုမက်ခဲ့တယ်လို့ပဲ ရင်ထဲမှာမှတ်ယူထားလိုက်ပါ"

"ရှင် ဘာတွေကို မီးရှို့နေတာလဲ"

ခင်ဖုန်းလတ်က ကိုဝင်းထွဋ်ကို ခပ်တည်တည်မေးလိုက်၏။

"အသုံးမဝင်တဲ့ အမှိုက်တွေပါ"

သူ့အဖြေက ယေဘူယျဆန် လွန်းသည် ။ ကျေနပ်လောက်အောင်တော့ တိကျမှုမရှိ။ သူ့ဘေးတွင် အတော်အတန်ကြီးသော သားရေသေတ္တာတစ်လုံးကို အဖုံးဖွင့်လျက် တွေ့ရ၏။





အထဲမှပစ္စည်းများကို မီးရှို့နေပုံရသည်။ ကြည့်လိုက်တော့ သေတ္တာထဲတွင် တခြားဘာမှမရှိတော့။ ပြောင်သလင်းခါနေတာတွေ့ရ၏။ ဘယ်သူ့သေတ္တာလဲ။ ဘာတွေကို မီးရှို့နေတာလဲ။ တွေးတောစဉ်းစားစရာဖြစ်၍ နေသည်။

"မင်းဘယ်တော့ပြန်မလဲ လတ်လတ်"

ဟုမေး၏။ ဒီမေးခွန်းကြောင့် ခင်ဖုန်းလတ်အံ့အားသင့်သွား၏။ သူ့ကိုဘာကြောင့် မေးနေရတာလဲ။ သူရောက်တာရက်ပိုင်းသာရှိသေး၏။

"ဘာဖြစ်လို့လဲ ..."

"မင်းမြင်တဲ့အတိုင်းပဲ၊ ကေသီလည်း နေကောင်းနေပါပြီ။ မင်းပြန်ချင်ရင် ပြန်လို့ရတယ်လို့ပြောတာ။ မင်းဒီမှာအနေအစား ဆင်းရဲမှာစိုးရိမ်တယ်"

"ကျွန်မ မပြန်သေးဘူး ..."

ဟု ခင်ဖုန်းလတ်က အသံခပ်ပြတ်ပြတ်ဖြင့်ပြောလိုက်၏။ ဝင်းထွဋ်က ...

"ငါကမင်းအတွက် စဉ်းစားပြီးပြောတာပါ။ မင်းကိုငါတစ်ခု ပြောထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာများလဲဟင် ...”

“နောက်ဆို ဘာသံပဲကြားကြား အပြင်ကိုထွက်မလာပါနဲ့။ မင်းအန္တရာယ်များလို့ ပြောတာပါ။ ညဆိုရင်ကိုယ့်အခန်းထဲမှာကိုယ်နေတာ အလုံခြုံဆုံးပဲ”

“အန္တရာယ်ရှိတယ်ဟုတ်လား။ ဘာအန္တရာယ်လဲဟင်”

သူက ခင်ဖုန်းလတ်မေးသောမေးခွန်းကို ဂရုစိုက်မဖြေပဲ အခန်းထဲကထွက်သွားသည်။ နောက်တော့ အပေါက်ဝ,ရောက်မှ ရပ်လိုက်ကာ ခင်ဖုန်းလတ်အား စေ့စေ့ကြည့်၍ ...

“ဩော် ... နောက်တစ်ခု ပြောထားရဦးမယ်”

“ဘာလဲဟင် ...”

“မြေတိုက်ခန်းတံခါးကို ဘယ်တော့မှမဖွင့်ပါနဲ့ ...”

ဟုပြောလိုက်၏။ ပြီးတော့ ခင်ဖုန်းလတ်ထံမှ စကားပြန်ကို မစောင့်ပဲ ဆတ်ကနဲ ထိုနေရာမှထွက်ခွာသွားလေသည်။

အခန်းထဲတွင် ခင်ဖုန်းလတ်တစ်ယောက်တည်း တိတ်ဆိတ် ခြောက်ကပ်စွာ ကျန်ခဲ့သည်။ ခင်ဖုန်းလတ်က သေတ္တာဘေးတွင်ဒူးထောက်ထိုင်ကာ သေသေချာချာစစ်ဆေးကြည့်လိုက်သည်။ သေတ္တာထဲတွင် ဘာသဲလွန်စမှရှာမတွေ့။ အဖုံးကို ပြန်





ပိတ်လိုက်၏။ အဖုံး၏ထောင့်တစ်နေရာတွင် ဆေးအနက်ဖြင့် ရေးထားသော အင်္ဂလိပ်အက္ခရာသုံးလုံးကို တွေ့ရ၏။ CEK တဲ့။ ကြာတော့ပွန်းပဲ့ကာ ဆေးရောင်မှိန်ပျယ်စပြုနေလေပြီ။ သို့သော် ဤစာလုံးများကို ဖတ်၍ရရုံတော့ ထင်နေသေး၏။

မီးဖိုထဲက မီးတောက်ကငြိမ်း၍နေလေပြီ။ ဘေးတွင်ရှိသော သံကောက်ဆွကို ကောက်ယူကာ ပြာပုံထဲထိုးထည့်မွှေနှောက်ကြည့်နေမိ၏။ တစ်စုံတစ်ရာကို တွေ့လေမလားဟူသော မျှော်လင့်ချက်ဖြင့်လုပ်နေသော်လည်း သူမျှော်လင့်နေသော တစ်စုံတစ်ခုသည် ဘာဖြစ်သည်ဆိုသည်ကိုမူ သူကိုယ်တိုင်ခွဲခွဲခြားခြားမပြောနိုင်ပဲရှိ၏။ ပြာပုံထဲတွင် ကျပ်ပြားအဝိုင်းခန့်ရှိသော စက္ကူပြားလေးတစ်ခုကိုတွေ့ရသဖြင့် ညှပ်နှင့်ကောက်ယူလိုက်သည်။

ဓါတ်ပုံစက္ကူလေးဖြစ်နေတာ တွေ့ရသည်။ ဘေးနှုတ်ခမ်းပတ်ပတ်လည် မီးလောင်ကျွမ်းကာ မည်းနေသော်လည်း အလယ်မှ ဓါတ်ပုံအသားမှာ အကောင်းအတိုင်း ကျန်နေသေး၏။ ကြည့်လိုက်တော့ မိန်းမလှလေးတစ်ဦး၏မျက်နှာ ဖြစ်နေလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ဒီသရဲကို ကျုပ်နဲ့ကလေးပဲ မြင်တယ်လို့ ထင်နေခဲ့တာ။ အခုအဘိုးကြီးကပါ မြင်တယ်ဆိုတော့ သေချာသွားပါပြီ။ သရဲ ... သရဲမ,ဟာ ဒီအိမ်မှာ တကယ်ရှိနေတာပဲ။

(၆) ဓါတ်ပုံထဲက တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



## (၆) ဓါတ်ပုံထဲက တစ္ဆေ

"ဒါ ... သူနာပြုဆရာမချောချောရဲ့ ဓါတ်ပုံပဲလေ"

ခင်ဖုန်းလတ်ပြသည့် မီးလောင်ကျွမ်းနေသော ဓါတ်ပုံအပိုင်းအစကလေးကိုကြည့်၍၊ သူ့သူငယ်ချင်းကျော်ကျော်ရှင်းက ပြောလိုက်ခြင်းဖြစ်သည်။ သူတို့နှင့်အတူ ရဲအုပ်ကိုမင်းဇော်လည်း ရှိနေကာ၊ စားသောက်ဆိုင်တစ်ဆိုင်တွင် ခင်ဖုန်းလတ်က ချိန်းကာ တွေ့ဆုံခြင်းဖြစ်သည်။

သေတ္တာပေါ်မှာရေးထားတဲ့ CEK ဆိုတာ ချောအိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အမည်ရဲ့ အတိုကောက်လေ။ ချောချောရဲ့အမည်ရင်းက ချောအိခင်ပဲ"

ဟု ဆက်ပြောလိုက်၏။ ကိုမင်းဇော်က ...

"ဒါဆိုရင် ... ကိုဝင်းထွဋ်နဲ့ ချောချောဆိုတာ တစ်နည်းအားဖြင့် ဆက်သွယ်မှုရှိကိုရှိရမယ် ..."

ဟု ကောက်ချက်ချလိုက်၏။

"သူက သူနဲ့ချောချော ဒီလိုအဆက်အသွယ်ရှိတယ်ဆိုတာ လူတွေမရိပ်မိစေချင်ဘူးနဲ့တူပါတယ်။ ဒါကြောင့် ဒီလိုသက်သေခံဖြစ်မယ့် ပစ္စည်းတွေကို မီးရှို့ဖျောက်ဖျက်ပစ်တာပဲ ဖြစ်ရမယ် ..."

ဤစကားကို ကြားသောအခါ ကျော့ကျော့ရင်းက ...

"ဒါဆိုလူတွေ အရပ်ထဲမှာပြောခဲ့တဲ့စကားတွေ အမှန်ပဲဖြစ်နေမှာပေါ့။ သူနဲ့ချောချောနဲ့ တိတ်တိတ်ပုန်းဖြစ်နေတာကို ခင်ဖုန်းမြတ်ကရိပ်မိလို့ ခင်ဖုန်းမြတ်ကို အဆိပ်ခတ်သတ်လိုက်တယ်ဆိုတာ ..."

မင်းဇော်က ရယ်လိုက်ကာ ...

"ကျော့ကျော့က မှုခင်းစုံထောက်ဝတ္ထုတွေဖတ်ပြီး စိတ်





ကူးယဉ်နေတာနဲ့တူတယ်။ မခိုင်လုံတဲ့ကောက်ချက်ဆိုတာ အမှုသွားအမှုလာကို ပိုပြီးရှုပ်ထွေးစေတယ် ကျော့ကျော့ရဲ့"

"ဒါကတော့ သူ့ကိုဖမ်းစစ်လိုက်ရင် ပေါ်မှာပေါ့"

အစ်မဖြစ်သူအတွက် မကျေနပ်ချက်ဖြင့်၊ ခင်ဖုန်းလတ်က ပြောလိုက်သည် ။မင်းဇော်က ...

"လတ်လတ်လည်း ကျော့ကျော့နဲ့သိပ်မထူးဘူး။ ကျွန်တော်က ဘာလို့ ကိုဝင်းထွဋ်ကို ဖမ်းရမှာလဲ ..."

"ရှင်က ရဲလေ ..."

"ကျွန်တော်မေးတာက ဘယ်လိုစွပ်စွဲချက်နဲ့ ဖမ်းရမလဲလို့မေးတာ"

"ခုန ရှင်ပဲ ပြောခဲ့တယ်မဟုတ်လား။ ကိုဝင်းထွဋ်နဲ့ချောချော ဆက်စပ်မှုရှိလိမ့်မယ်"

"ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒါဟာ ဘယ်လိုပတ်သက်မှုလဲဆိုတာကို ကျွန်တော်တို့အရင်ဖော်ထုတ်ရမယ်။ အကျိုးအကြောင်းမခိုင်လုံပဲ ဖမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်ကြိုးစားပြီး သက်သေအထောက်အထားရှာကြည့်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နှင့်ပင် ခင်ဖုန်းလတ်ကျေနပ်လိုက်ရသည်။ သူတို့ချင်း အချိတ်အဆက်ရှိကိုရှိရမည်ဟု ယုံကြည်သည်။ ဤအချက်ကိုဖော်ထုတ်ဖို့ သူကြိုးစားရမည်။

သူအိမ်ပြန်ရောက်လာတော့ သူ့အခန်းထဲကပစ္စည်းတွေ ဖရိုဖရဲဖြစ်နေတာ တွေ့ရသည်။ အထူးသဖြင့် သူ့အဝတ်သေတ္တာမှာပွင့်နေကာ၊ အဝတ်အစားအချို့ ဆုတ်ဖြဲခံထားရ၏။

"ဒေါ်ဂျမ်းဘုံ ..."

ဟုခင်ဖုန်းလတ်က အော်ဟစ်လိုက်၏။ ဒေါ်ဂျမ်းဘုံက အပြေးရောက်လာသည်။ သူ့ပစ္စည်းတွေပြကာ ...၊ ဒေါသတကြီး

"ဒါတွေက ဘယ်လိုဖြစ်နေတာလဲ ... ဒေါ်ဂျမ်းဘုံ ..."

"ကျွန်မလည်း မပြောတတ်ဘူး။ တစ်မနက်လုံး မီးဖိုခန်းထဲမှာ ထမင်းချက်နေတာ ..."

"ဒါတွေကို ရှင်မလုပ်ဘူးလား"

"ကြံကြီးစည်ရာ ..."

"ဒါဆို ဘယ်သူလုပ်တာလဲ။ ကေသီလေးလုပ်တာလည်း မဖြစ်နိုင်ဘူး"

ဆူဆူညံညံအသံတွေကြောင့် ကိုဝင်းထွဋ်ရော ဦးဘအို





ပါ ရောက်လာသည်။ ကိုဝင်းထွဋ်က မျက်စိမျက်နှာပျက်နေကာ၊ ဒေါ်ဂျမ်းဘုံအား

"ပြန်သိမ်းပေးလိုက်ပါ" ဟု အမိန့်ပေးလိုက်၏။

ဦးဘအိုကတော့ ...

"ဒါ ဟိုသရဲမလက်ချက်ပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလိုက်လေသည်။ ကိုဝင်းထွဋ်က ...

"အဘိုး ဘာတွေပြောနေတာလဲ"

ဟုဟန့်တားလိုက်တော့မှ အခန်းထဲမှ ချာကနဲထွက်၍ သွား၏။ အဖြေကိုသိရကာနီးမှ ဘာကြောင့်ကိုဝင်းထွဋ်က ဖုံးကွယ်လိုက်ရသနည်း။ စိတ်မောလူမောဖြင့် ဒေါ်ဂျမ်းဘုံကိုကူကာ ပစ္စည်းတွေသိမ်းရသည်။ ဆုတ်ပြဲနေသောအဝတ်အစားတချို့ကို အမှိုက်ပုံသွားပစ်ရန် ဒေါ်ဂျမ်းဘုံကို ညွှန်ကြားလိုက်ရ၏။

"သရဲမလို့ အဘိုးပြောသွားတာ ဘာလဲ ဒေါ်ဂျမ်းဘုံ"

ဟုမေးတော့

"သရဲမဆိုတာ သရဲမပေါ့"

ဟုသာဖြေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲဆိုတာရှိသည်ဟုပင် ခင်ဖုန်းလတ်အနေနှင့်ယုံကြည်သည့်တိုင်အောင် ဤကဲ့သို့သူ့အဝတ်အစားများကို ဆုတ်ဖြဲပစ်နိုင်သည်ဆိုသည်မှာ လက်ခံနိုင်ရန်ခက်ခဲနေသည့် ကိစ္စဖြစ်လေသည်။ ထိုနေ့တစ်နေ့လုံး ကိုဝင်းထွဋ်ကို အကဲခတ်ကြည့်ရသည်မှာ မလုံမလဲပုံပေါ်နေတာ ထင်ရှား၏။ ခင်ဖုန်းလတ်ကိုလည်း ကောင်းကောင်းမျက်နှာချင်းဆိုင် စကားမပြောပဲရှိသည်။ ထမင်းဝိုင်းတွင် မလွှဲသာ၍ဆုံပြန်တော့လည်း မျက်နှာလွှဲကာ ခပ်မြန်မြန်စား၍ စားပွဲမှထသွားလေသည်။

ထမင်းဝိုင်းတွင် နောက်ဆုံးတော့ ခင်ဖုန်းလတ်တစ်ယောက်သာ ကျန်ခဲ့၏။ ခင်ဖုန်းလတ်က ဒေါ်ဂျမ်းဘုံကို ပန်းကန်ခွက်ယောက်များ ကူညီသိမ်းဆည်းပေးရင်း ...

"အဘိုးဘအိုပြောသွားတဲ့သရဲမဆိုတာ၊ ဒေါ်ဂျမ်းဘုံတို့တွေ့နေတဲ့ သရဲပဲလား ..."

ဟုမေးလိုက်၏။ ဒေါ်ဂျမ်းဘုံက ဤကိစ္စနှင့်ပတ်သက်၍





စကားစပ်ကာ ပြောဆိုလိုဟန်မရှိ။ ကိုဝင်းထွဋ်ကပင် မပြောရဟု ပိတ်ပင်ထားလေသလားမသိ။

"ဒီလကုန်ရင် အလုပ်ထွက်မယ်လို့ ဆရာကိုဝင်းထွဋ်ကို ပြောလိုက်ပြီ။ ကျုပ်ဒီအိမ်မှာ ဆက်အလုပ်မလုပ်နိုင်တော့ဘူး"

ဟု ဒေါ်ဂျမ်းဘုံက ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ။ လခနည်းလို့လား။ ဒါဆိုတိုးပေးဖို့ ကျွန်မပြောလိုက်ပါ့မယ်"

"မဟုတ်ဘူး။ ဘယ်လောက်တိုးပေးပေး မလုပ်နိုင်တော့ဘူး။ သရဲတစ်ကောင်နဲ့ ဘယ်သူမှတစ်အိမ်ထဲ အတူမနေနိုင်ဘူး။ ပထမတော့ ဒီသရဲကို ကျုပ်နဲ့ကလေးပဲမြင်တယ်လို့ ထင်နေတာ။ အခုဒီအဘိုးကြီးပါ မြင်တယ်ဆိုတော့ သေချာသွားပါပြီ။ သရဲ ...သရဲမယဟာ ဒီအိမ်မှာတကယ်ပဲ ရှိနေတာပဲ ..."

အခုတော့ အတော်အတန်သတ္တိကောင်းသည်ဟု ထင်ခဲ့သော ဒေါ်ဂျမ်းဘုံပင်လျှင် တုန်လှုပ်ခြောက်ခြားနေတာတွေ့ရ၏။ ခင်ဖုန်းလတ်အခန်းထဲမှာ မြင်ခဲ့ရသောအဖြစ်မှာ တကယ်လည်း တုန်လှုပ်စရာမဟုတ်ပါလား။ သရဲက ကိုယ်ထိလက်ရောက်ကျူးလွန်သည်အထိ ရဲတင်းစော်ကားလာသည်။ ဒါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကာကွယ်ရမလဲ။ ခင်ဖုန်းလတ် တွေးမရသေး။

ညကျတော့ ဦးဘအိုသည်ခါတိုင်းလိုပင် ရုပ်မြင်သံကြား ညဉ့်နက်ပိုင်းဇာတ်လမ်းတွဲကို စောင့်မကြည့်ပဲ စောစောစီးစီး အိပ်ယာဝင်၍သွား၏။ ခင်ဖုန်းလတ်ကထုံးစံအတိုင်း ကေသီလေးအခန်းကိုသွားကာ ပုံပြောပြရင်း သိပ်ရသည်။ ကေသီလေးမှာ နေ့ခင်းက အိပ်ပျော်နေသဖြင့် ခင်ဖုန်းလတ်အခန်းထဲက အဖြစ်တွေကိုလုံးဝမသိ။ ဘယ်သူကမှ အသိမပေး။ သိသွားလျှင်ကြောက်၍နေမည်စိုးသဖြင့် ဖုံးဖိထားခြင်းသာဖြစ်သည်။

ကေသီလေးအိပ်ပျော်သွားမှ စောင်ကိုရင်ခေါင်းအထိ လွှမ်းခြုံပေးခဲ့ကာ၊ အခန်းထဲက ထွက်လာခဲ့သည်။ သူ့အခန်းသို့ပြန်လာရင်း၊ စာကြည့်ခန်းထဲတွင် စားပွဲ၌တစ်ယောက်တည်းထိုင်ကာ အရက်သောက်နေသော ကိုဝင်းထွဋ်ကို လှမ်းမြင်ခဲ့ရသေးသည်။ ဘာကြောင့်ဒီလိုအချိန်မှာ သူအရက်သောက်နေရသနည်း။ အရင်က ကိုဝင်းထွဋ်သည် အရက်သောက်တတ်သူမဟုတ်။ သူ့ဇနီးကားမှောက်မှုဖြစ်ကာ အကြီးအကျယ်ထိခိုက်ဒဏ်ရာရစဉ်ကမူ၊ စိတ်သက်သာရာရစေရန် အရက်သောက်ခဲ့တာအမှတ်ရနေ၏။ ယခုမူ သူဒီအိမ်ရောက်လာကတည်းက ကိုဝင်းထွဋ်မှ ပထမဆုံးအရက်သောက်တာ မြင်ဖူးခြင်းပင်ဖြစ်လေသည်။ အခန်းထဲရောက်သောအခါ တံခါးကိုအတွင်းက လုံလုံခြုံခြုံပိတ်လိုက်၏။ လူတွေသည် အရက်မူးလာလျှင် လူစိတ်ပျောက်တတ်သည်ဟု ကြားဖူး၏။ ကိုဝင်းထွဋ်ကိုလည်း ယုံရလိမ့်မည်မဟုတ်။ သူ အိပ်ယာထဲလှဲလိုက်သော်လည်း တော်တော်နှင့်အိပ်မပျော်။ စိတ်လှုပ်ရှားမှုလွှန်ကဲနေသောကြောင့် ဖြစ်မည်။ သူ့နှလုံးခုန်သံကို တဒိန်းဒိန်းသူကြားနေရ၏။ ဒါကြောင့် အိပ်ယာထဲမှပြန်ထ,ကာ၊ ရန်ကုန်ကယူဆောင်လာခဲ့သော စိတ်ငြိမ်ဆေးတစ်လုံးသောက်လိုက်ရသည်။ သူ့ကိုကုသနေသောဆရာဝန်က ပေးလိုက်ခြင်းဖြစ်၏။ အမှန်အတိုင်းပြောရလျှင် သူ ... ဤမြို့ကလေးကိုပြန်ရောက်မှ ရန်ကုန်မှာရှိစဉ်ကထက်ပို၍ သူကျန်းမာရေးကောင်းနေ၏။ ဆေးသောက်ပြီး ခဏနေတော့ သူစိတ်တွေအတော်အတန်တည်ငြိမ်လာကာ ခဏမျှအိပ်ပျော်သွားသည်။

ခြောက်ခြားစရာအိပ်မက်တွေကြောင့် သူလန့်နိုးလာ၏။ လန့်နိုးလာသည့်တိုင်အောင် သူ့ရင်တွေကတဒိန်းဒိန်းခုန်၍နေတုန်းဖြစ်သည်။ သို့သော် အိပ်မက်တွေကို သူဘာမှမမှတ်မိ။ သူ့အခန်းထဲတွင် အစိမ်းရောင်ဇါးတိုင်အား မီးလုံးကလေးသာ







www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိထား၏။ အမှောင်ထဲမှာတော့ ဤငါးတိုင်အားမီးလုံးကလေးမှာ အတော်ပင်လင်း၍နေသည်။ ဒါကြောင့် ... သူ့ကုတင်ခြေရင်း၌ရှိနေသော မီးခိုးငွေ့လိုလို တိမ်တိုက်လိုလိုအရာကို မြင်တွေ့လိုက်ရခြင်းဖြစ်သည်။သေသေချာချာကြည့်လိုက်တော့ လူတစ်ယောက်၏အရွယ်အစား လုံးပတ်သဏ္ဍာန်နှင့် တော်တော်တူသည်။ ပြောရလျှင်ငွမ်းပုံကိုထုလုပ်ထားသည့် ပန်းပုရုပ်နှင့်တူနေ၏။ အစိမ်းရောင်မီးရောင်က ထိုအရာပေါ်ဖြာကျနေသဖြင့် ထိုပုံသဏ္ဍာန်မှာလည်း စိမ်းလဲ့လဲ့ဖြစ်၍နေ၏။ ဒါမျိုးသူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့။ ဒါ ...သရဲလေလားဟု တွေးမိတော့မှ အနည်းငယ်ထိတ်လန့်စိတ်ဝင်လာ၏။

ထိုအရာက သူ့ကုတင်ခြေရင်းတွင်ရပ်ကာ သူ့ကိုမလှုပ်မယှက် ငေးရပ်ကြည့်နေ၏။ ခင်ဖုန်းလတ်က စိတ်ငြိမ်ဆေး၏အရှိန်ကြောင့် သူ့အာရုံတွေထွေပြားကာ တွေ့ကရာမြင်နေတာလားဟု တွေးလိုက်သေး၏။ သူ့မျက်လုံးနှစ်ဘက်ကို လက်ဖြင့်ပွတ်လိုက်၏။ထိုအရာက ပျောက်ကွယ်မသွား။ ပို၍ပင်ထင်ရှားလာသကဲ့သို့ရှိ၏။ အခုတော့ထိုအရာသည် မိန်းမတစ်ယောက်ဆိုတာသိသာပေါ်လွင်လာလေသည်။ ခင်ဖုန်းလတ်က ကုတင်ပေါ်တွင်





လူးလဲထ,လိုက်၏။

ဒီတော့မှမြူငွေ့လိုအရာက အလျင်အမြန်ရွေ့လျားသွားသည်။ ပြီးတော့ တံခါးပေါက်မှ ယိုစိမ့်ပျောက်ကွယ်သွား၏။ သူက တံခါးကိုဆွဲဖွင့်ကာ အပြင်ထွက်လိုက်သည်။ စင်္ကြံလမ်းပေါ်တွင် ဘာမှမရှိပဲ ရှင်းလင်းတိတ်ဆိတ်နေသည်။ မြူခိုးလိုတိမ်ငွေ့လိုအရာတွေ ဘယ်ရောက်သွားသနည်း။ သူဆက်လျှောက်လာခဲ့တော့ ကေသီလေးအခန်းထဲမှ လှုပ်ရှားနေသံလိုလိုကြားရ၏။ ထို့ကြောင့်တံခါးကိုတွန်းဖွင့်ကာ အထဲဝင်သွားသည်။ အခန်းမှာ အတော်ပင် မှောင်မိုက်နေ၏။ ဒီကလေးက ဘာကြောင့်မီးမထွန်းပဲ အိပ်နေရတာလဲ။

ကုတင်ရှိရာကိုမှန်းဆကာ သူ တဖြည်းဖြည်းချဉ်းကပ်သွား၏။ ကုတင်အနားအရောက်မှာပင် ...

ရုတ်တရက်မျက်စိကျိန်းလောက်အောင် အလင်းရောင်တစ်ခု ပြိုးပြက်ဝင်းလက်လာသဖြင့်၊ ခင်ဖုန်းလတ် မျက်စိကိုစုံမှိတ်ပြီး မျက်နှာကိုလက်ဝါးနှင့် ကာ,ထားလိုက်ရ၏။ ထိုအခိုက်မှာပင် ...

"ဒေါ်လေး "



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ကေသီ၏ခေါ်သံကို ကြားလိုက်ရသည်။

"ကေသီ မင်းနိုးနေသလား ...။ ဘာတွေဖြစ်နေတာလဲ"

ဟုမေးလိုက်တော့မှ ကေသီက

"ဒေါ်လေး ....ခဏနေဦး။ မီးဖွင့်လိုက်ဦးမယ်"

ကေသီ့ကုတင်ခေါင်းရင်းက မီးပွင့်လာသည်။ ဒီတော့ တစ်ခန်းလုံးလင်းသွား၏။

"ကေသီ့လက်ထဲတွင် ပိုလာရိုက်ကင်မရာတစ်လုံးကိုင်ထားတာ တွေ့ရ၏။ ခုနက မျက်စိကျိန်းလောက်သောမီးရောင်ထွက်ပေါ်လာခြင်းမှာ ကေသီကကင်မရာမှ ဖလက်ရှ်မီးကိုအသုံးပြုကာ သူ့ကိုဓါတ်ပုံရိုက်လိုက်ခြင်းကြောင့် ဖြစ်သည်။ ကေသီက

"သမီးကအိပ်ယာထဲမှာ ဒီကင်မရာကို အသင့်ဆောင်ထားတာ။ သရဲရောက်လာရင် ဓါတ်ပုံရိုက်ထားရအောင်ပေါ့။ သမီးက ဒေါ်လေးတံခါးဖွင့်လိုက်ကတည်းက နိုးနေတာ။ အိပ်ချင်ယောင်ဆောင်ပြီး စောင့်နေတာ။ ဒေါ်လေးက ကုတင်နားကပ်လာတော့ သရဲထင်ပြီး ကင်မရာနဲ့ ဓါတ်ပုံရိုက်လိုက်တာပေါ့"

တော်တော်ဉာဏ်များတဲ့ကလေးဟု တွေးမိလိုက်သည်။

"သရဲဆိုတာ ဓါတ်ပုံရိုက်လို့ဘယ်ရမလဲ သမီးရဲ့ ..."





"အဲဒါ ဘယ်သူပြောတာလဲ။ ရပါတယ် ဒေါ်လေးရဲ့။ သမီးရိုက်ထားတဲ့ သရဲဓါတ်ပုံကို ဒေါ်လေးကိုပြမယ်"

ကေသီလေးက ကုတင်ဘေးစားပွဲအံဆွဲထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ယူပြ၏။ ထိုဓါတ်ပုံမှာ သူ့ကုတင်နားကိုရောက်လာသောသရဲကို ဓါတ်ပုံရိုက်ယူထားခြင်းဖြစ်သည်။ သူ့အလုပ်အတွက် ဂုဏ်ယူနေပုံရ၏။

"သရဲတွေက ကင်မရာကိုကြောက်တယ်နဲ့ တူတယ်။ ကေသီလည်း ဓါတ်ပုံရိုက်လိုက်ရော။ အဲဒီသရဲမလည်း ထွက်ပြေးသွားရော။ ဒါမှမဟုတ် အလင်းရောင်ကိုကြောက်တာလည်း ဖြစ်မယ်"

ခင်ဖုန်းလတ်ကတော့ စကားမပြောနိုင်ပဲ ကေသီပြသော ဓါတ်ပုံကို မျက်တောင်မခတ်ကြည့်နေမိသည်။ တကယ်ပင် အရုပ်ဆိုးကာ ကြောက်စရာကောင်းလှလေရာ၊ အားငယ်တတ်သူသာကြည့်ပါက လိပ်ပြာလွင့်စင်ကာ အသက်ပင်ဆုံးရှုံးသွားနိုင်ပေမည်။ မျက်လုံးတစ်ဖက်က ပျက်နေ၏။ မျက်နှာက ဆိုးဝါးသော ဒဏ်ရာအမာရွတ်တွေနှင့်။ နှုတ်ခမ်းတွေ၊ နှာခေါင်းတွေလည်း ပုံမှန်မဟုတ်ပဲ ရွဲ့လိမ်နေ၏။ ကျိုးတို့ကျဲတဲ ဆံပင်တွေက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ် ဝဲကျနေသေး၏။

"ဒီပုံကို ဘယ်သူတွေ့သေးလဲ ...။

"သမီးနဲ့ ဒေါ်ဂျမ်းဘုံပဲ သိတယ်။ အဖေက ဒီလိုလုပ်တာ သိရင်ဆူလိမ့်မယ်"

ဒေါ်ဂျမ်းဘုံနှင့် ကေသီက တစ်ဖွဲ့ထဲဖြစ်ပုံရသည်။ ကလေးအတွက် သူစိတ်ပူပန်သွား၏။

"သမီးဒီလိုလုပ်တာ အန္တရာယ်များတယ်။ ပြီးတော့ မီးဖွင့်အိပ်။ သမီးပဲ ပြောတယ်မဟုတ်လား။ တစ္ဆေသရဲတွေဟာ အလင်းရောင်ကြောက်တယ် ... ဆိုတာလေ ..."

အခန်းထဲတွင် မီးဖွင့်ပေးကာ၊ ကေသီလေးကို သိပ်ခဲ့ပြီးမှ ခင်ဖုန်းလတ်က သူ့အခန်းပြန်လာခဲ့၏။ သူဒီရောက်လာကတည်းက ကောင်းကောင်းမအိပ်ခဲ့ရသည်မှာ ကြာလေပြီ။ ညတိုင်းလိုလိုပင် ခြောက်ခြားစရာ အထိတ်တလန့်ဖြစ်စရာတွေနှင့် ကြုံနေရ၏။ ယခုလည်း ညဉ့်အတော်နက်ရော့မည်။ သူက ပြန်အိပ်ပျော်နိုင်ရန် ကြိုးစားနေ၏။ အာရုံတွေက ဝေဝေဝါးဝါး။ သူအိပ်ပျော်နေလေသလား။ နိုးနေသလား ဝေခွဲမရဖြစ်နေစဉ် ...

ကြောက်လန့်တကြား အော်ဟစ်သံကြားကာ၊ လန့်နိုး





လာပြန်၏။ သူကြားလိုက်ရသောအသံကိုပထမတော့ အိပ်မက်ထဲကအသံ ဟုထင်လိုက်သေး၏။ သို့သော်တစ်အိမ်လုံး မီးတွေဖွင့်ကာ လှုပ်လှုပ်ရှားရှား အသံတွေကြားရသဖြင့်၊ ခင်ဖုန်းလတ် အခန်းအပြင်ထွက်ကြည့်လိုက်သောအခါတွင်မူ ...



www.burmeseclassic.com

www.burmeseclassic.com



"သူကြည့်လိုက်တော့ တွန်းချတဲ့သူကလှေကားထိပ်မှာ ရပ်နေတယ်တဲ့"

"တွန်းချတဲ့သူက ဘယ်သူလဲ"

"ဒီအိမ်မှာရှိတဲ့ သရဲမ"

(၇) ပျောက်ဆုံးနေသော ကွင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



## (၇) ပျောက်ဆုံးနေသော ကွင်းဆက်

လှေကားရင်းတွင် ဦးဘအိုသည် လဲကျသေဆုံးလျက်ရှိသည်။ လှေကားပေါ်မှ ဒလိမ့်ကောက်ကွေးကျလာသည့်အရှိန်ကြောင့် သူ့လည်ဂုတ်ရိုးသည် ကျိုးသွားဟန်တူကာ၊ သူ့ဦးခေါင်းသည် ပုံမှန်မဟုတ်ပဲ လိမ်ကောက်လျက်ရှိ၏။ မျက်လုံးများကတော့ ပြူးကြောင်စွာ တစ်စုံတစ်ရာကို ငေးမောကြည့်နေသည့်အသွင်သဏ္ဍာန်။ မြင်ရရုံနှင့် အသက်မရှိတော့ကြောင်း သိလိုက်ရ၏။ ထို့မြင်ကွင်းကြောင့် လန့်မအော်မိစေရန် သူ့ပါးစပ်ကိုဆို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးဖြင့် ပိတ်လိုက်ရ၏။

အခန်းထဲက ပြေးထွက်လာသောကေသီကလေးကို အနိဋ္ဌာရုံမြင်ကွင်းကို မမြင်စေလိုသဖြင့်

"ဘာမှမဟုတ်ဘူး။ သမီး ကိုယ့်အခန်းထဲမှာပဲနေ"

ဟုပြန်နှင်လွှတ်လိုက်ရသည်။ အလောင်းဘေးတွင် ကိုဝင်းထွဋ်သည် ခေါင်းငိုက်စိုက်ချကာ ရပ်နေရာမှ အခုတော့ သတိတရားဝင်လာဟန်ဖြင့် ဆေးရုံကို ဖုန်းဆက်လျက်ရှိသည်။ ဒေါ်ဂျမ်းဘုံက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ငြိမ်သက်သက်ရပ်နေလေသည်။ ခင်ဖုန်းလတ် သူ့အနားရောက်လာတော့ လေသံတိုးတိုးဖြင့် ပြောသည်။

"ဒါ ... ဟိုမိစ္ဆာရဲ့ လက်ချက်ပဲ။ ဦးဘအိုကို သူတွန်းချလိုက်တာ"

"ဟုတ်ပါ့မလား ဒေါ်ဂျမ်းဘုံရယ်"

"ဟုတ်တယ် ... ခင်ဖုန်းလတ်။ အော်သံကြားလို့ ငါပြေးထွက်လာတော့ ဦးဘအိုက လှေကားပေါ်က ဒလိမ့်ကောက်ကွေးကျလာတုန်းပဲ။ လှေကားထိပ်မှာ ဦးဘအိုကျသွားတာကို ရပ်ကြည့်နေတဲ့သရဲမကိုငါ မြင်လိုက်ရသေးတယ်။ မောင်ဝင်းထွဋ်





ပြေးထွက်လာမှ သူပျောက်သွားတာ ..."

သူတို့ဆီသို့ ကိုဝင်းထွဋ်က ပြန်လျှောက်လာကာ ...

"မကြာခင် ဆေးရုံကားနဲ့အတူ ရဲတွေပါရောက်လာလိမ့်မယ်။ ဒါက မတော်တဆအမှုပဲ။ အဘိုးလှေကားပေါ်က မတော်တဆလိမ့်ကျတယ်။ သူတို့မေးရင် ဒေါ်ဂျမ်းဘုံရော လတ်လတ်ပါ အဲဒီအတိုင်းပြောပြ ... ဟုတ်လား"

သူတို့ကိုသွန်သင်မှာကြားနေ၏။ ဒေါ်ဂျမ်းဘုံက သူနှင့်ဝင်းထွဋ်အတွက် ကော်ဖီတစ်ခွက်စီ ဖျော်တိုက်သည်။ နာရီကို ကြည့်လိုက်တော့ အရုဏ်တက်(၄)နာရီကျော်စပြုပြီ။ မလှမ်းမကမ်းဘုန်းကြီးကျောင်းက တုံးမောင်းခေါက်သံ ကြားနေရ၏။

ဦးဘအိုသည် အောက်ထပ်မှာနေသူဖြစ်လေရာ၊ ယခုကဲ့သို့ လိမ့်ကျလာရန် အပေါ်ထပ်သို့ ဘာကြောင့်တက်လာရသနည်းဟု တွေးဆစရာအကြောင်းတွေရှိနေ၏။ ကိုဝင်းထွဋ်မှာ သူ့အဘိုး ရုတ်တရက်ကွယ်လွန်သွားသဖြင့် စိတ်ထိခိုက်ကြေကွဲဟန်ပေါ်နေ၏။

မကြာခင် ဆေးရုံမှလူနာတင်ကားရော၊ ရဲဘက်ကလူတွေပါ ရောက်လာသဖြင့် အိမ်မှာရုတ်ရုတ်သဲသဲလူတွေဖြင့် ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ချွသွားတော့သည်။ ကိုမင်းဇော်ပါလာမည်ထင်သော်လည်း ပါမလာခဲ့။ ရောက်လာသည့်ဒုရဲအုပ်ကြီးက သူတို့ကို အနည်းငယ်စစ်မေးသေးသည်။ ပြီးတော့ မတော်တဆမှုဟုပင် သတ်မှတ်လိုက်၏။ ဒေါ်ဂျမ်းဘုံကလည်း ဤအတိုင်းထွက်ဆို၏။ သရဲတစ်ကောင်က တွန်းချခဲ့ပါသည်ဟုဆိုလျှင် လူရယ်စရာဖြစ်၍နေလေသည်။ အဘိုးကြီးက အသက်(၈၀)ကျော်ပြီဖြစ်လေရာ၊ တကယ်ပင်တုန်တုန်ချိချိနှင့် လှေကားအပေါ်မှ လိမ့်ကျစရာအကြောင်းတွေ ရှိနေလေသည်။ တကယ်တမ်းပြောရလျှင် ခင်ဖုန်းလတ်ကိုယ်တိုင်လည်း ဘာမှသေသေချာချာမသိ။

နံနက်(၉)နာရီလောက်တွင် ရဲအုပ်မင်းဇော်က ကားဖြင့်ရောက်ရှိလာ၏။ ညကဖြစ်ပွားခဲ့သောကိစ္စကို မင်းဇော်က သိရှိလာပြီးဖြစ်သည်။ ကိုမင်းဇော်နှင့်အတူတူ ကျော့ကျော့ရှင်းလည်းပါလာ၏။ ခင်ဖုန်းလတ်က

"နင် ... ဆိုင်ပစ်လာရသလား"

"ကိစ္စမရှိဘူး။ ဒါက နာရေးကိစ္စလေ"

ဟုပြောကာ နှစ်ယောက်လုံးက ကိုဝင်းထွဋ်ကိုတွေ့ဆုံပြီး ဝမ်းနည်းစကားပြောနေ၏။ ဦးဘအို၏ ရုပ်အလောင်းကို





တော့ ဆေးရုံက သယ်ဆောင်သွားပြီဖြစ်သည်။ အိမ်ရှေ့က ပန်းခြံထဲမှာ သုံးယောက်တည်းဆုံတော့ မင်းဇော်က

"တခြားပြောစရာဘာရှိလဲ လတ်လတ်"

ဟုရဲပီပီအကင်းပါးစွာ မေး၏။ ခင်ဖုန်းလတ်က

"ဒေါ်ဂျမ်းဘုံပြောတာကတော့ သူ ...တွန်းချတဲ့သူကိုမြင်လိုက်တယ်တဲ့ ..."

"ဘယ်လိုမြင်တာလဲ ..."

"သူက အောက်ထပ်လှေကားအနားကအခန်းမှာ အိပ်တာလေ။ အော်သံကြားလို့ ပြေးထွက်လာတော့ ဦးဘအိုက လှေကားပေါ်က လိမ့်ကျလာတုန်းပဲ ရှိသေးတယ်။ သူကြည့်လိုက်တော့ တွန်းချတဲ့သူက လှေကားထိပ်မှာရပ်နေတယ်တဲ့"

"တွန်းချတဲ့သူက ဘယ်သူလဲ ..."

"ဒီအိမ်မှာရှိတဲ့ သရဲမလေ ..."

သူ့စကားကြောင့် ရဲအုပ်မင်းဇော်က ပြုံးလိုက်၏။ ခင်ဖုန်းလတ်က

"ပြုံးမယ်ဆိုတာ သိပါတယ်။ ဒါကြောင့်တခြားသူတွေကိုတောင် မပြောခဲ့ဘူး။ ရှင့်ကိုသာပြောတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးက ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမဲ့ အချက်အလက်မဟုတ်ဘူး။ ပြီးတော့ ပြောတဲ့ဒေါ်ဂျမ်းဘုံ။ သူ့ရဲ့ပညာအရည်အချင်းကလည်း သံသယရှိစရာမဟုတ်လား"

"ကျွန်မကတော့ သူ့မျက်လုံးကို သံသယမရှိဘူး"

"သူတို့လိုလူမျိုးတွေ စဉ်းစားဆင်ခြင်ဉာဏ်နည်းတာ သဘာဝပဲလေ လတ်လတ်။ ဒီတော့ ပြောတိုင်းတော့ ယုံဖို့ခက်တာပေါ့ ..."

သူတို့နှစ်ယောက်အငြင်းပွားမှုထဲကို ကျော့ကျော့ရှင်းက ဝင်ရောက်လာ၏။

"ဒီကိစ္စတွေက ချောချောနဲ့တွေ့ရင် ပြီးသွားမှာပဲ ..."

"ချောချောက အစ်မဆုံးပြီးတော့ သူ့ မြို့ကိုပြန်သွားတယ်ဆို။ ဘယ်လိုလုပ်တွေ့နိုင်မှာလဲ"

"သူ့မြို့က သိပ်မဝေးဘူးလေ။ ၂၅မိုင်လောက်ပဲဝေးတာ အကျိုးရှိတယ်ဆိုရင်တော့ မငြင်းမဆန်သွားသင့်တဲ့ခရီးပေါ့"

ဒီတစ်ခါတော့ မင်းဇော်က ထောက်ခံလိုက်၏။ ချောချောသည် သူတို့မြို့နှင့်မလှမ်းလှသော စခန်းမြိုင်မြို့တွင် နေထိုင်





သူဖြစ်၏။ ကျော့ကျော့ရှင်းကို မင်းဇော်က ...

"ဒီနာမည်ကို တစ်မြို့လုံးလိုက်မေးရမယ်ဆိုရင်တော့ မဟန်ဘူးဗျ။"

"မလိုဘူးလေ။ သူက သူနာပြုဆရာမဆိုတော့ သိကျွမ်းသူပေါလိမ့်မယ်။ ပြီးတော့ သူက အိမ်ထောင်သည်။ သူ့ယောကျာ်းနာမည်က ကိုလှိုင်ဝင်းတဲ့။ မေးကြည့်ရင် မဆက်ဘူးထင်တယ်"

ဟုကျော့ကျော့ရှင်းက ပြောလိုက်၏။ ဒါတော့ ခင်ဖုန်းလတ် ထောက်ခံသည်။ ခဏနေသောအခါ ... သူတို့ကားနှင့် စခန်းမြိုင်သို့ ထွက်ခဲ့ကြသည်။ တစ်နာရီနီးပါးလောက်မောင်းလိုက်သောအခါ စခန်းမြိုင်သို့ ရောက်ရှိသွားသည်။ စခန်းမြိုင်သည် သူတို့မြို့ကလေးထက်ပို၍ ကြီးကျယ်စည်ကား၏။ လူသူရှုပ်ထွေး၏။ ဤမြို့ကလေးတွင်နေစဉ်က ခင်ဖုန်းလတ်တစ်ခါ တစ်ရံ ဘုရားဖူးအလည်အပတ်ရောက်ဖူးတာကလွဲ၍ မသိကျွမ်း။

ကျော့ကျော့ရှင်းကတော့ သူ့အသိရှိရာမြို့လယ်ဈေးကြီးဆီသို့ ဦးတည်သွားလိုက်သည်။သူတို့လိုပင် အလှပြင်ဆိုင်ဖွင့်ထားသော မာမီပိုင်ဖြစ်သည်။ မာမီပိုင်သည် အလှဖန်တီးရှင်မိန်း



www.burmeseclassic.com

www.burmeseclassic.com



မလျှာတစ်ဦးဖြစ်၏။ အသက်၃၀ကျော်ခန့်ရှိကာ ဖြူဖြူချောချောပင်ဖြစ်သည်။ သူက သူနာပြုဆရာမ ချောချောကိုသိ၍နေ၏။

"ချောချောနဲ့ ငါနဲ့ကျောင်းနေဘက်ပဲ။ သူ့ယောကျ်ားက လှိုင်ဝင်း။ သူက အရက်သမား၊ လောင်းကစားသမား။ တစ်သက်လုံးမိန်းမလုပ်စာ ထိုင်စားလာတဲ့ကောင်။ မြို့ပြင်မွေးမြူရေးခြံမှာ နေတယ်"

"ဘာမွေးတာလဲဟင် ..."

ဟုမေးတော့ ...

"ကြက်ဟေ့ ... ကြက် ... လှိုင်ဝင်းကြက်ခြံလို့ မေးရင်ရတယ်"

"အဲဒီမှာ ချောချောရောရှိသလား ..."

"သူ့တော့ ငါမတွေ့တာကြာပြီ"

ဒီလောက်သတင်းစကားရသည်ဆိုလျှင်ပဲ၊ ရဲတစ်ယောက်ဖြစ်သည့် မင်းဇော်အတွက်တော့ လုံလောက်ရုံမက ပိုလျှံ၍နေပါသေးသည်။ လွယ်လွယ်ကူကူပင် ရှာတွေ့၏။

"ချောချောရေ ...ချောချော ... ရှိလား"

ဟုကျော့ကျော့က အသံပြုလိုက်တော့ ခပ်ကုတ်ကုတ်





သစ်သားအိမ်ကလေးထဲက အသက်၃၀လောက်ရှိသော ယောကျ်ားတစ်ဦးထွက်လာ၏။ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေးနှုတ်ခမ်းမွေးကျိုးတို့ကျဲတဲ မျက်နှာနီနီဖြင့် လူတစ်ယောက်ထွက်လာ၏။ မျက်နှာက အရက်စွဲသူတစ်ယောက်ပုံစံ ပေါက်နေကာ၊ ယခုလည်းသောက်စားထားသဖြင့် အနည်းငယ်မူးယစ်ရီဝေနေဟန်တူ၏။

"ဘယ်သူလဲ ... ဒီမှာဘာချောချောမှမရှိဘူး"

ရန်လိုသောလေသံဖြင့် ထွက်လာသော်လည်း၊ ရဲဝတ်စုံနှင့် ကိုမင်းဇော်ကိုတွေ့ရသဖြင့် အတန်ငယ်ကိုယ်ရှိန်တန့်သွား၏။ ကိုမင်းဇော်က ...

"ချောအိခင်နဲ့တွေ့ချင်လို့ပါ"

"တွေ့ချင်ရင် ... သူ့အလုပ်ရှင်ဝင်းထွဋ်ဆိုတဲ့ကောင်ကို သွားမေးလေ ..."

"သူက မြို့ပြန်သွားတယ်ပြောလို့ ..."

ထိုစကားကြားတော့ လှိုင်ဝင်းက သရော်ပြုံးပြုံးလိုက်၏။

"အလကား ကောင်မ။ လက်ထပ်ထားတဲ့လင်ကိုထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးရမှန်းမသိဘူး။ သူ့လုပ်စာထိုင်စားနေတယ်ဆိုပြီး ဂရုမစိုက်ဘူး။ အခုလည်း ဘယ်လင်နောက်လိုက်ပြေးလဲမသိဘူး"

"ဒါဆိုချောချောက ခင်ဗျားဆီပြန်မလာဘူးပေါ့"

ဟုမင်းဇော်ကမေးလိုက်တော့ စိတ်မရှည်သလိုကြည့်ကာ ...

"ကျုပ်က ဗမာလိုပြောနေတာ ခင်ဗျားမရှင်းဘူးလား"

ခင်ဖုန်းလတ်က ဝင်မေးသည်။

"သူ ဘယ်သွားနေတာလဲ ..."

"တယ်ခက်ပါလား။ သူသွားချင်တဲ့ဆီသွားမှာပေါ့။ ပိုက်ဆံရှိတဲ့ငနဲတစ်ကောင်နောက် လိုက်ပြေးတာပဲဖြစ်ရမယ်။ သူပျောက်သွားစကတော့ ကျုပ်ဆီကို စာတိုက်ကနေ ငွေဆယ်သိန်းတင်ပေးလိုက်တာရတယ်။ အဲဒီငွေနဲ့ ကျုပ်ဒီကြက်ခြံလေးထောင်ထားတာ"

မင်းဇော်က သေချာအောင်မေးလိုက်၏။

"ငွေက သူ့နာမည်နဲ့တင်ပေးတာလား ..."

"ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ ကျုပ်ရောသူပါ တစ်ကောင်ကြွက်တွေလေ။ ကျုပ်ဆီကို ငွေတင်ပေးတယ်ဆိုရင် သူကလွဲပြီး





ဘယ်သူဖြစ်နိုင်မှာလဲ"

မင်းဇော်တို့က နှုတ်ဆက်ကာ ပြန်လာခဲ့၏။ ခြံအနောက်ဘက်တွင် ကြက်တွေမွေးမြူထားသောခြံကို တွေ့ရသည်။ အလုပ်သမားသုံးလေးယောက် အလုပ်လုပ်နေ၏။ ကြက်ခြံက အကျိုးဖြစ်ထွန်းဟန်တူသည်။ လှိုင်ဝင်းကတော့ အရက်ကိုသာ အဖော်လုပ်နေဟန်တူ၏။

အပြန်လမ်းတစ်လျှောက်လုံး မင်းဇော်က တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားဟန်ဖြင့် ငြိမ်သက်ပါလာ၏။ ခင်ဖုန်းလတ်က ...

"ဘယ်လိုလဲကိုမင်းဇော် လာရကျိုးမနပ်ဘူးနော်"

ဟုဆိုတော့

"မဟုတ်ဘူး လတ်လတ်။ ချောချောပျောက်ဆုံးနေတာ သိလိုက်ရတာအမြတ်ပဲလေ။ ချောချောကိုတွေ့အောင်ရှာဖို့ အရေးကြီးလာပြီ။"

ကိုမင်းဇော်စကားမှာ အမှန်ပင်ဖြစ်သည်။ ချောချောဆို သော ချောအိခင်ကိုသာ ရှာဖွေတွေ့လျှင် ဤပြဿနာတွေအားလုံး ရှင်းလင်းသွားနိုင်လေသည်။ ချောချောသည် ပျောက်ဆုံးနေ



www.burmeseclassic.com

www.burmeseclassic.com



သော ကွင်းဆက်တစ်ခုသာဖြစ်သည်။ ကျော့ကျော့ရှင်းက တွေးတွေးဆဆအမူအရာဖြင့် ...

"ကျွန်မစဉ်းစားမိတာ တစ်ခုရှိတယ်"

"ဘာများလဲ ..."

"ချောချောကို တစ်နေရာရာမှာ ကိုဝင်းထွဋ်က ဖုက်ထားတာပဲဖြစ်ရမယ်။ သူတို့ကို လူကဲ့ရဲ့မှာကြောက်လို့ တိတ်တိတ်ပေါင်းသင်းနေတာပဲဖြစ်မယ်"

ကျော့ကျော့စကားက စိတ်ကူးယဉ်ဝတ္ထုတွေထဲက ဇာတ်ကွက်နှင့်ပိုတူနေ၏။ သို့သော် ဤအတိုင်းမဖြစ်ဟုမဆိုနိုင်။ ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်နေ၏။

ဤအတိုင်းဆိုလျှင်တော့ ကိုဝင်းထွဋ်သည် ကြောက်စရာကောင်းသည့် လူယုတ်မာတစ်ယောက်ဖြစ်နေပေမည်။ လူမမာဒုက္ခိတဇနီးဖြစ်သူကို တိတ်တိတ်ပုန်းအပျော်မယားနှင့် ပူးပေါင်းသတ်ဖြတ်ခဲ့သူ။ ဘယ်လိုမှ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိ။ သို့သော် ကိုဝင်းထွဋ်၏အပြင်ပန်းအသွင်အပြင်ကိုကြည့်လျှင် ယခုလို လူယုတ်မာလူသတ်သမားဟု ယိုးစွပ်နိုင်စရာလက္ခဏာလည်းမရှိ။ ကိုမင်းဇော်က ...





"မင်းကိုတစ်ခုတော့ သတိပေးချင်တယ် လတ်လတ်။ ဒီအိမ်မှာ ဆက်နေမယ်ဆိုရင်တော့ မင်း ... တော်တော်သတိထားနေရလိမ့်မယ်။ မင်းအတွက် အန္တရာယ်ရှိနေတယ်။ ဒါကိုငါက တာဝန်ရှိတဲ့ရဲအရာရှိတစ်ယောက်အနေနဲ့ ပြောနေတာမဟုတ်ဘူး။ မိတ်ဆွေတစ်ယောက်အနေနဲ့ စိုးရိမ်စိတ်နဲ့ပြောတာပါ"

"ကျေးဇူးတင်ပါတယ်။ ကျွန်မ ဂရုစိုက်ပါ့မယ်"

ဟုခင်ဖုန်းလတ်က ကတိပြု၏။ ကျော့ကျော့ရှင်းက ...

"ဟုတ်တယ်။ ဒီတော့ ဒီနေ့ပဲ နင်ငါ့အိမ်ကိုပြောင်းလာခဲ့"

ဟုဖိတ်ခေါ်၏။ သို့သော် ခင်ဖုန်းလတ်က ငြင်းလိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒီအိမ်ဟာ အန္တရာယ်ရှိနေတယ်လို့ယူဆရင် ငါဒီအိမ်ကထွက်ခွာဖို့ ပိုခက်တယ်။ ငါတစ်ကိုယ်တည်း ကိုယ်လွတ်ရုန်းပြီး ငါ့တူမလေးကို ဒီအန္တရာယ်တွေကြားမှာ တစ်ယောက်တည်းထားခဲ့ရမှာဆိုတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး ကျော့ကျော့ ..."

ခင်ဖုန်းလတ်ပြောစကားက ပိုမိုမှန်ကန်နေသဖြင့် ကျော့

www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်းက လက်ခံလိုက်ရလေသည်။ သို့သော် စိတ်မချနိုင်သူကတော့ ရဲအုပ်မင်းဇော်ဖြစ်နေပုံရ၏။ ခင်ဖုန်းလတ်တို့အိမ်ရှေ့တွင် ကားရပ်ပေးရင်း ကားပေါ်ကဆင်းနေသော ခင်ဖုန်းလတ်ကို မှားကြားနေသေး၏။

"ဘာကိစ္စပဲရှိရှိ ကျွန်တော့်ဆီဖုန်းဆက်လိုက်ပါ"

ဒါဆို သူ့အပြေးရောက်လာမှာကတော့ သေချာလှလေသည်။





အလောင်းက အရိုးကျကာ ဆွေးမြေ့စပြုနေလေပြီ။ ထိုအရိုးစုကို ဘယ်သူဘယ်ဝါဟု ခွဲခွဲခြားခြားပြောဆိုနိုင်ဖို့ ခက်ခဲ၏။ သို့သော် ... လည်ပင်းက ဆွဲကြိုးကလေးကို တွေ့သောအခါ ...

(၈) ခေါင်းထဲကအလောင်း



www.burmeseclassic.com

www.burmeseclassic.com



(၈) ခေါင်းထဲကအလောင်း

"မင်းရန်ကုန်ပြန်ဖို့ သင့်ပြီ လတ်လတ်"

ဦးဘအိုမြေကျသောနေ့မှာပင် ကိုဝင်းထွဋ်က အတိအလင်း ဤသို့ပြောဆိုလာ၏။ ခင်ဖုန်းလတ်က ကိုဝင်းထွဋ်ကို စေ့စေ့ကြည့်ကာ ...

"ဘာကြောင့်လဲ ..."

ဟုမေးလိုက်သည်။ ကိုဝင်းထွဋ်က ...

"အကြောင်းပြစရာလိုလို့လား။ ဒီအိမ်မှာ မင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ မဟုတ်လား။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမှာပေါ့။ ငါကအရွယ်ရှိသေးတဲ့ မုဆိုးဖိုတစ်ယောက်။ မင်းက ငါ့ခယ်မဆိုပေမဲ့ အိမ်ထောင်မရှိတဲ့အပျိုလေး။ ဒီတော့ဒီအိမ်တစ်လုံးထဲမှာ အတူတူနေနေတာမသင့်တော်ဘူးလို့ ထင်တယ်"

"ဒါက အကြောင်းပြချက်လား"

အပြောရခက်သည်ဟူသော သဘောဖြင့် ကိုဝင်းထွဋ်က သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ ...

"အမှန်အတိုင်းပြောရရင် မင်းအတွက်ပဲ။ မင်းဒီမှာ ဆက်နေလို့ အန္တရာယ်တစ်စုံတစ်ခုဖြစ်ရင် ငါတာဝန်မကင်းဖြစ်မယ် လတ်လတ်"

"ဒီအိမ်မှာ တကယ်ပဲ အန္တရာယ်ရှိနိုင်သလား"

"ရှိနိုင်တယ် ..."

"ဒါဆို ဒီအန္တရာယ်တွေကြားထဲမှာ ကျွန်မတူမလေးကို ထားပြီး ကျွန်မသွားလို့မဖြစ်ဘူး ကိုဝင်းထွဋ် ..."

"ကေသီကိုငါ အကာအကွယ်ပေးနိုင်ပါတယ်။ သူဘာမှ မဖြစ်စေရပါဘူး ..."

"ကျွန်မမယုံဘူး ရှင်က ရှင့်အဘိုးကိုတောင် မကာကွယ်





နိုင်ခဲ့ဘူး မဟုတ်လား"

နောက်ဆုံးတော့ ကိုဝင်းထွဋ်ဘက်ကပင် လက်လျှော့၍သွားသည်။ ရန်ကုန်ရှိခင်ဖုန်းလတ်အဘွားထံသို့ ဖုန်းဆက်သည် ။ ခင်ဖုန်းလတ်ကို ပြန်ခေါ်ဖို့အကြောင်း ဖြစ်သည်။ ဒါကြောင့် နေ့ခင်းရောက်သောအခါ ရန်ကုန်ရှိအဘိုးက ခင်ဖုန်းလတ်ထံ ဖုန်းဆက်၍ အကျိုးအကြောင်းမေး၏။

" သမီးအတွက် ဘာမှပူမနေပါနဲ့ အဘွား။ ဒီမှာ ဆောင်ရွက်စရာ ကိစ္စကလေးတချို့ ရှိနေလို့ပါ။ အများဆုံး သုံးလေးရက်ပါပဲ ။ ပြီးရင် ပြန်လာပါ့မယ် ။ ကတိပေးပါတယ်"

ဟု သူ့အဘွားကို နှစ်သိမ့်လိုက်ရ၏။ ခင်ဘုန်းလတ် စဉ်းစားမရတာက သူ့ကို ဘာကြောင့် ကိုဝင်းထွဋ်က ဤမှာ ဆက်မနေစေချင်သနည်း ဆိုသော အချက်ဖြစ်၏။ သူ့အပြစ်တွေပေါ်သွားမှာ ကြောက်ရွံ့နေလေသလား။ နေ့ခင်းတွင် သူ မြို့လယ်ထွက်ခဲ့သည်။ ကိုမင်းဇော်နှင့်တွေ့ကာ ဆွေးနွေးကြသည်။ နောက်ဆုံးတော့ ကိုမင်းဇော်က

"ကောင်းပြီလေ။အခုတော့ ဒီလိုပဲလုပ်ရတော့မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဒေါ်ခင်ဖုန်းမြတ်အလောင်းကို ပြန်ဖော်ပြီးစစ်ဆေးဖို့ စီစဉ်လိုက်မယ် ...”

ဟု လိုက်လျှောရလေတော့သည်။





ပထမ အုတ်ဂူကိုဖြိုရသည်။

နောက်တော့ အထဲက ကျွန်းသားခေါင်းကိုဆွဲထုတ်ရ၏။ ခေါင်းက မပျက်မစီး အကောင်းပတိရှိနေသည်။ ခေါင်းဖုံးကို ဖွင့်လိုက်ကာ မင်းဇော်က ခင်ဖုန်းလတ်အား ...

“ဒီအလောင်းက ခင်ဗျားအစ်မရဲ့အလောင်းဟုတ်မဟုတ် အရင်ကြည့်ပေးပါ”

ဟုတောင်းဆို၏။ ခင်ဖုန်းလတ်က အနားကိုးသွားကာ ကြည့်လိုက်၏။ ခြောက်နှစ်၊ ခုနစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အလောင်းက အရိုးကျကာ ဆွေးမြေ့စပြုနေလေပြီ။ ထိုအရိုးစုကို ဘယ်သူဘယ်ဝါဟု ခွဲခြားပြောနိုင်ရန် ခက်လဲ၏။ သို့သော် ... လည်ပင်းကဆွဲကြိုးကလေးကိုတွေ့တော့ သူ့အစ်မဆိုတာသေချာသွား၏။ ဆွဲကြိုးကလေးကို သူဖြုတ်ကြည့်၏။ ရွှေဆွဲပြားပေါ်တွင် ထွင်းထားသော (L) ဆိုသည့် စာလုံးလေးတွေ့ရ၏။ (L) မှာ ‘လတ်’ဆိုသည့် သူ့နာမည်ကိုကိုယ်စားပြုသည်။ ခင်ဖုန်းလတ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့လည်ပင်းတွင်ဆွဲထားသောဆွဲကြိုးကလေးကို ကိုင်ကြည့်လိုက်၏။ ဆွဲကြိုးပေါ်တွင် (M) ဆိုသော စာလုံးရှိနေသည်။ M ဆိုတာ မြတ်ကိုကိုယ်စားပြုခြင်းပင်။ သူ (၁၈)နှစ်ပြည့်သောနေ့က သူ့အစ်မလက်ဆောင်ပေးခဲ့သည့် ဆွဲကြိုး။ သူတို့နှစ်ယောက်က တစ်ယောက်ဆွဲကြိုးတစ်ယောက် လဲလှယ်ကာ ဆွဲခဲ့ကြသည်။ ဒီဆွဲကြိုးကို သေသည်အထိ မချွတ်ကြစတမ်းဟု ကတိပြုခဲ့ကြသည်။

"ဒါ ... ဒါ ... မမမြတ်အလောင်းဆိုတာ သေချာပါတယ်"

ဟုခင်ဖုန်းလတ်က ဝန်ခံလိုက်၏။ မင်းဇော်က အလောင်းနှင့်ခေါင်းကို အသေအချာစစ်ဆေးကာ ...

"မသေခင် အရှင်လတ်လတ် မြေမြှုပ်လိုက်တယ်ဆိုတဲ့ လက္ခဏာမျိုးတော့ မတွေ့ရပါဘူး။ ခေါင်းထဲမှာ ဘာမှခြေရာလက်ရာ မပျောက်ဘူး။ ခေါင်းဖုံးမှာလည်း ကုတ်ရာခြစ်ရာမတွေ့ရဘူး။ အဆိပ်မိသေမသေဆိုတာသိဖို့တော့ ဓါတ်ခွဲခန်းမှာစစ်ဆေးရလိမ့်မယ်။ သက်ဆိုင်ရာသရာဝန်က စစ်ဆေးဖို့အတွက် အစာအိမ်ထဲက အသားစနမူနာယူပါလိမ့်မယ်"





မင်းဇော်ကပင် သူ့ကားဖြင့် ခင်ဖုန်းလတ်ကို အိမ်ပြန်ပို့ပေးခဲ့၏။ အိမ်တွင်ဒေါပွနေသော ကိုဝင်းထွဋ်ကိုတွေ့ရသည်။ အလောင်းကိုပြန်ဖော်စစ်ဆေးဖို့အတွက် ကိုဝင်းထွဋ်ကို အသိပေးအကြောင်းကြားခဲ့ရသည်။

"မင်းဘာတွေလုပ်နေတာလဲ လတ်လတ်။ ငါ့ကိုထောင်ထဲပို့ဖို့ ကြံနေတာလား"

"ရှင့်မှာ အပြစ်မရှိဘူးဆိုရင် ဒီကိစ္စအတွက် ရှင်ဘာမှ တုန်လှုပ်ခြောက်ခြားနေစရာမလိုဘူး"

"ငါက ခြောက်ခြားနေတာမဟုတ်ဘူးကွ။ စိတ်ဆိုးနေတာ။ မင်းရန်ကုန်ကို မပြန်နိုင်သေးဘူးဆိုတာ ဒီလိုအဓိပ္ပါယ်မဲ့အလုပ်တွေ လျှောက်လုပ်ဖို့လား"

သူဘာမှ ဆက်ပြောနေတော့။ အခန်းထဲဝင်လာသော တံခါးပိတ်နေလိုက်သည်။ ကိုဝင်းထွဋ်မလုံမလဲဖြစ်နေပုံက မယုံသင်္ကာဖြစ်ချင်စရာကောင်းနေသည်။ အကယ်၍ သူသာ တကယ်တမ်း အပြစ်ကင်းစင်တယ်ဆိုရင် အခုလိုတုန်လှုပ်ခြောက်ခြားနေစရာမလို။ သူ့စကားအတိုင်း ပြောရလျှင် စိတ်တိုစိတ်ထွက်နေစ



www.burmeseclassic.com

www.burmeseclassic.com



ရာမလို။

ဘာပဲဖြစ်ဖြစ် ဤပွဲတွင် သူအသာစီးရလိုက်သည်ဟု ထင်သည်။ မကြာခင် ဓါတ်ခွဲခန်းက အဖြေကိုသိရလိမ့်မည်။ သူ့အစ်မခင်ဖုန်းမြတ်သာ အဆိပ်မိသေဆုံးရသည်ဟူသော အဖြေထွက်လာလျှင် ကိုဝင်းထွဋ် ပြေးမလွတ်နိုင်တော့။

ဒေါ်ဂျမ်းဘုံက တံခါးကိုခေါက်သည်။ ညနေစာထမင်းစားဖို့ လာခေါ်ခြင်းဖြစ်သည်။ ခင်ဖုန်းလတ်က ထမင်းဝိုင်းတွင် ဝင်းထွဋ်နှင့်မျက်နှာချင်းဆိုင် မနေချင်။ ဒါကြောင့် သူ့အခန်းထဲကိုပင် ထမင်းပွဲလာပို့ဖို့ ပြောလိုက်ရ၏။ ဒေါ်ဂျမ်းဘုံက သူ့ကိုထမင်းပွဲလာပို့ရင်း ...

“မင်းဒီအိမ်က ထွက်မသွားသေးဘူးလား။ ငါတော့ မနက်ဖြန်မနက်ဆို ထွက်သွားတော့မယ်။ ကိုဝင်းထွဋ်က လ,ကုန်အထိ နေဖို့ပြောပေမဲ့ ဆက်မနေတော့ဘူး”

“ဘာဖြစ်လို့လဲ ဒေါ်ဂျမ်းဘုံ”

“သရဲမက ဒုက္ခသိပ်ပေးတယ်။ မနေ့ညကလည်း တစ်ညလုံး ငါ့အိပ်ခန်းတံခါးကို အပြင်ကနေဖွင့်ဖို့ ကြိုးစားနေတယ်။ ငါတစ်ညလုံးမအိပ်ရဘူး။ ခါးကိုင်ပြီး စောင့်နေရတယ်။ တော်





ပြီ။ ဒါကြောင့် ဆက်မနေနိုင်တော့ဘူးလို့ ပြောလိုက်တယ်။ မနက်ဖြန်ပဲ ဒီအိမ်ကပြောင်းမယ်”

ဟုစကားကြောရှည်လိုက်သည်။ ခင်ဖုန်းလတ်က

“ရှင့်တံခါးရှေ့မှာ ရောက်နေတယ်ဆိုတာ တကယ်လား”

“တကယ်ပေါ့။ ဒီသရဲမက ဦးဘအိုကို သတ်ပြီးတော့ပိုဆိုးလာတယ်။ သူက တစ်အိမ်လုံးကို သတ်ဖို့ကြံနေတယ်နဲ့တူတယ်။ မင်းလည်း သတိထား”

ဟုသတိပေးစကားပြောသွားသည်။ ခင်ဖုန်းလတ်က ထိုစကားတွေကြားသောအခါ သူ့ကိုယ်သူအတွက်မပူမိပဲ ကေသီလေးအတွက် ပို၍ပူပန်မိသွားသည်။ ထို့ကြောင့် ယနေ့ညတွင် ကေသီလေးနှင့်အတူ သူသွားအိပ်မည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော် ...

ညအိပ်ယာဝင်ချိန်ရောက်သောအခါ

ကေသီလေးနှင့်အတူ ကုတင်ပေါ်လှဲကာ ပုံပြောနေတုန်း ကိုဝင်းထွဋ်အခန်းထဲ ဝင်လာပြီး ...

“လတ်လတ် ကိုယ့်အခန်းကိုယ် ပြန်အိပ်တော့။ သမီးကို ကိုယ်ခေါ်သိပ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။ ငြင်းဆန်နေ၍မကောင်း။ ကေသီလေးအတွက် သူ့အဖေက ပို၍လုံခြုံစေမည်ဟု ယူဆရသည်။ ကိုဝင်းထွဋ်က … ကေသီလေးကို ပွေ့ချီသွား၏။ ခင်ဖုန်းလတ်က ကိုယ့်အခန်းကို ပြန်လာခဲ့ရလေသည်။





သူတစ်ရေးနိုးလာသည်မှာ ကံကောင်းသည်။ နိုးလာလာခြင်းပင် သူ့အခန်းထဲတွင် တစ်စုံတစ်ယောက်ရောက်ရှိနေသလိုခံစားရ၏။ မလှုပ်မယှက်လှဲနေရင်းကပင် သူ့မျက်လုံးတွေကိုအသာအယာဖွင့်ကြည့်လိုက်၏။

ခပ်မှောင်မှောင်ခပ်ဝါးဝါးဖြင့် သူ့ဆီသို့ချဉ်းကပ်လာကာအရိပ်တစ်ခုကို သတိထားမိလိုက်၏။ ခြေသံလုံးဝမကြားရသည်ကိုထောက်၍ ချဉ်းကပ်လာသူမှာ ပါးနပ်ပုံရတာခန့်မှန်းမိသည်။ တဖြည်းဖြည်း နီးကပ်လာသောအခါ ခပ်မှိန်မှိန်အလင်းရောင်ဖြင့်ပင် ထိတ်လန့်ဖွယ်ကောင်းသောရုပ်ကြီးကို မြင်လိုက်ရသည်။ ကေသီကလေးရိုက်ကူးထားသည့် ဓါတ်ပုံထဲတွင် မြင်ခဲ့ရသည့်ရုပ်ကြီးပင်။

ထိုရုပ်ကြီးထက် ပို၍ထိတ်လန့်စရာကောင်းတာက သူ့လက်ထဲမှာကိုင်ထားသော ဓါးမြှောင်တစ်ချောင်းဖြစ်၏။ ထိုဓါးမြှောင်၏အသွားထက်ထက်က အမှောင်ထဲမှာပင် လင်းလက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကုတင်ဘေးရောက်သည်နှင့် အရိပ်မည်းမည်းက မြှောက်ထားသောဓါးမြှောင်ကို ခင်ဖုန်းလတ်၏ရင်ဝသို့ ရည်ရွယ်ကာ ထိုးစိုက်ချလိုက်လေသည်။

သာမန်အတိုင်း မျက်စိမှိတ်အိပ်ပျော်နေသည်ဆိုလျှင် ဤဓါးမြှောင်အသွားမှာ သူ့ရင်ထဲသို့ စိုက်ဝင်သွားမည်မှာ သေချာလှပေသည်။ ယခုတော့ ...

အားလုံးကို သိမြင်နေသဖြင့် သူ့ရင်ဝသို့ ဓါးသွားရောက်မလာခင် ခင်ဖုန်းလတ်ကလိမ့်ကာ ရှောင်လိုက်၏။ လိမ့်လိုက်သောကြောင့် သူကုတင်ပေါ်က လိမ့်ကျသွားလေသည်။ သူနိုးနေမှန်းသိသည်နှင့် မည်းမည်းအရိပ်သည် အခန်းထဲမှ တဟုန်ထိုးပြေးထွက်သွားပါလေတော့သည်။





သူ့၏ တစ်လုံးတည်းအကောင်းရှိသော မျက်လုံးဖြင့်ခင်ဖုန်းလတ်ကို စိုက်ကြည့်နေ၏။ ထိုမျက်လုံးများတွင် ဒေါသမီးလျှံတွေတောက်လောင်နေတာ တွေ့ရ၏။ မပီမသ အူးအူးအဲအဲနှလုံး တုန်လှုပ်ဖွယ်ကောင်းသည့် အသံပြုကာ ...

(၉) မိစ္ဆာနိဂုံး



www.burmeseclassic.com

www.burmeseclassic.com



## (၉) မိစ္ဆာနိဂုံး

ကုတင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ လိမ့်ချလိုက်သောဒဏ်ကြောင့် ကျောနာသွားကာ ခင်ဖုန်းလတ်သည် ရုတ်တရက် ထ ခြင်းမထနိုင်ပဲရှိ၏။ သို့သော်ကြာရှည်ဆွဲမနေနိုင်ပဲ အားတင်း၍ ထ လိုက်သည်။ သူ့ကိုဓါးနှင့်ထိုးရန်ကြံခဲ့သူမှာ အခန်းထဲကထွက်ပြေးသွားခဲ့ပြီ။ လှုပ်ရှားပုံက မြန်ဆန်လွန်းလှသည်။ ဒီတစ်ခါတော့ အလွတ်ခံ၍မဖြစ်။ ခင်ဖုန်းလတ်အခန်းထဲက ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စကြာတွင် ဘယ်သူ့ကိုမှမတွေ့ရ။ ခင်ဖုန်းလတ်၏အာရုံထဲကို အောက်ထပ်က မြေတိုက်ခန်းဝင်ရောက်လာ၏။ ဘာကြောင့်ဤအခန်းကို ကိုဝင်းထွဋ်က အသေပိတ်ထားရသနည်း။ ဒီတစ်ကြိမ်တော့ ဘာကြီးပဲရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်ဖို့ ခင်ဖုန်းလတ် ဆုံးဖြတ်လိုက်သည်။

မြေတိုက်ခန်းတံခါးကို ခင်ဖုန်းလတ်က ဖွင့်ဖို့ကြိုးစား၏။ ဖွင့်မရ။ ရိုးရိုးဖွင့်၍မရလျှင် ချိုးဖျက်၍ပင်ဖွင့်ရတော့မည်။ မီးဖိုခန်းထဲမှာရှာဖွေတော့ နံရံတွင်ထောင်ထားသောဂေါ်ပြားတစ်လက်ကိုတွေ့ရလေသည်။ ထိုဂေါ်ပြားကိုယူလာကာ မြေတိုက်ခန်းတံခါးကိုရိုက်ကာ ဖွင့်လေသည်။ ရိုက်ဖွင့်၍မှ မကြာခင် ...

"မင်းဘာလုပ်နေတာလဲ ... လတ်လတ်"

ဟု ကိုဝင်းထွဋ်ရောက်လာကာ မေးလိုက်၏။

"တံခါးဖွင့်နေတာလေ ..."

"ဒီအထဲမှာ ဘာမှမရှိဘူးလို့ ငါပြောထားတယ်မဟုတ်လား"

"ဒါဆိုရင် ရင်ဖွင့်ပြလေ။ ဘာမှမရှိဘူးဆိုတာ ကျွန်မမြင်ရရင် ယုံလိုက်မယ်"





"မဖြစ်ဘူးလို့ ငါပြောနေတယ် လတ်လတ် ..."

သူ့လက်ထဲက ဂေါ်ပြားကို ကိုဝင်းထွဋ်က အတင်းလုယူဖို့ ကြိုးစား၏။ တစ်ယောက်တစ်ပြန် တွန်းထိုးလုယက်နေကြ၏။ ဤတံခါးကိုမဖွင့်အောင် ဝင်းထွဋ်ကြိုးစားနေခြင်းက ရင်ထဲတွင်ရှိနေသာ ခင်ဖုန်းလတ်၏ သံသယတွေကို ပိုမိုကြီးထွားလာစေသည်။

ထို့ကြောင့် ခင်ဖုန်းလတ်က လက်ထဲက ဂေါ်ပြားဖြင့် ဝင်းထွဋ်ကိုရိုက်လိုက်ရာ ဝင်းထွဋ်ခေါင်းကို ရိုက်မိပြီး ပုံလျက်လဲကျသွားလေသည် ။ စစ်ဆေးကြည့်လိုက်တော့ ဝင်းထွဋ်သည် သူရိုက်လိုက်သည့်ဒဏ်ဖြင့် မေ့လျော့နေတာတွေ့ရ၏။ ခင်ဖုန်းလတ် အချိန်ဆွဲမနေတော့။တံခါးဝတွင်ခတ်ထားသောသော့ကို ဂေါ်ပြားနှင့်ရိုက်ကာဖြုတ်လိုက်သည်။ခတ်ထားသောသော့ပျက်သွားသည်။

တံခါးကိုဆွဲဖွင့်ကာ လှေကားထစ်များအတိုင်းခင်ဖုန်းလတ်က အောက်ထပ်သို့ ဆင်း၍လာသည်။ မြေတိုက်ခန်းမှာ သူထင်မှတ်မထားအောင်ပင် သပ်ရပ်ကောင်းမွန်နေ၏။ ကုတင်၊ ကုလားထိုင်အပြည့်အစုံဖြင့် လူနေခန်းတစ်ခုအဖြစ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တီးထားခြင်းဖြစ်သည်။ ဤမြေတိုက်ခန်းထဲမှာ တစ်ယောက်ယောက်နေတာဟော့ အမှန်ပင်ဖြစ်၏။ တခြားသူမဟုတ်။ ပျောက်ဆုံးနေသောချောချောပင် ဖြစ်ရမည်။ချောချောကိုပျောက်ဆုံးနေသည်ဟု သတင်းလွှင့်ကာ၊ ဤအခန်းထဲတွင် ကိုဝင်းထွဋ်က ဖွက်ထားပြီး တိတ်တိတ်ပုန်းပေါင်းသင်းနေကြဟန်တူ၏။

အခုတော့ သူအဖြေကိုရှာတွေ့သွားပြီ။ ဒါကြောင့်သာ ကိုဝင်းထွဋ်က ဤအခန်းကိုမဖွင့်ရန် တားမြစ်ခဲ့ပုံရ၏။ သူတံခါးပေါက်တစ်ပေါက်ကို နံရံတွင်တွေ့ရသဖြင့် ဖွင့်ကြည့်လိုက်ရာ အထက်သို့တက်သွားသော လှေကားထစ်များကိုတွေ့ရသည်။ ဤလှေကားမှာအိမ်ကြီးဆီသို့ တိတ်တဆိတ်ဝင်ရောက်နိုင်ရန် စီမံထားသော လျှို့ဝှက်လှေကားဖြစ်ပုံရ၏။

ထိုအခိုက် သူ့အနောက်မှချဉ်းကပ်လာသည့်ခြေသံကို ခင်ဖုန်းလတ် ကြားလိုက်ရသည်။ ခင်ဖုန်းလတ် လှည့်ကြည့်လိုက်၏။ မြင်လိုက်ရသောမြင်ကွင်းကြောင့် လိပ်ပြာလွှင့်စင်မတတ် ကြောက်လန့်၍သွား၏။ သူ ... မြင်ဖူးသော ထိတ်လန့်စရာကောင်းလှသည့် မျက်နှာကြီးနှင့်မျက်နှာပိုင်ရှင်။ သူ့၏တစ်လုံးတည်းအကောင်းရှိသော မျက်လုံးဖြင့်စိုက်ကြည့်နေ၏။ ထိုမျက်





လုံးများတွင် ဒေါသမီးလျှံတွေ တောက်လောင်နေတာတွေ့ရ၏။ မပီမသ ... အူးအူးအဲအဲနှလုံးတုန်ဖွယ်ကောင်းသည့်အသံပြုကာ

အရှိန်ဖြင့် သူ့ဆီပြေးဝင်လာပြီး တိုက်ခိုက်တော့သည်။ ဒီမိစ္ဆာမကြီးက ဘာကြောင့်မှန်းမသိ။ သန်မာလွန်းလှသည်။ သူ့ကို ခင်ဖုန်းလတ်တောင့်မခံနိုင်။ သူတွန်းလိုက်သည့်အရှိန်ဖြင့် နောက်သို့လွင့်သွားကာ အုတ်နံရံနှင့် ကျောနှင့်ကပ်သွား၏။ ထိုမိစ္ဆာမကြီး၏လက်ချောင်းတွေက ခင်ဖုန်းလတ်၏လည်ပင်းကို တင်းတင်းဖျစ်ညှစ်၍ထားသည်။ သူ့လက်ချောင်းတွေကို ခင်ဖုန်းလတ်က ဆွဲခွာဖို့ကြိုးစားသော်လည်းမရ။ လက်ချောင်းတွေက တင်းသထက်တင်းစွာ ရစ်ပတ်လာ၏။ ခင်ဖုန်းလတ်လည်ချောင်းတွင်နာကျင်နေရာမှ တစ်ဆို့သောဝေဒနာ ထွက်ပေါ်လာသည်။ သူသိတာက သူအသက်ရှူရကြပ်လာခြင်းဖြစ်၏။ သူ့မျက်လုံးတွေ သူ့မျက်လုံးတွေ ပြာဝေစပြုလာသည်။ သူအားကိုးရာမဲ့စွာ မြေတိုက်ခန်းထဲ၌ မိစ္ဆာမကြီးလက်ချက်ဖြင့် သေဆုံးရပေတော့မည်။ ထိုအခိုက်မှာပင် ...

သူ့လည်ပင်းပေါ်၌ လက်ချောင်းများ၏အင်အားက လျော့ပါး၍သွား၏။ မိစ္ဆာမကြီး၏မျက်လုံးတွေက ခင်ဖုန်းလတ်



www.burmeseclassic.com

www.burmeseclassic.com



၏လည်ပင်းတွင်ဆွဲထားသော လည်ဆွဲပေါ်ရောက်နေ၏။ သူ့လက်ဖြင့် ဆွဲကြိုးမှဆွဲပြားကို ကိုင်ကြည့်နေသည်။ မိစ္ဆာမကြီး၏ မျက်နှာပေါ်မှဒေါသအရိပ်အယောင်တို့ ပျယ်လွင့်သွား၏။ ထိုနေရာတွင် နူးညံ့ပျော့ပြောင်းမှု အစားထိုးဝင်ရောက်လာသည်။ ပြီးတော့ တစ်ဖက်တည်းသောမျက်လုံးတွင် မျက်ရည်စတွင် စုဝေးဝန်းဖွဲ့လာ၏။ ပြီးတော့ သူ့ပါးစပ်မှက မပီမသ အူးအူးအဲအဲ အသံတွေထွက်လာပြန်၏။

ခင်ဖုန်းလတ်ရင်ထဲတွင် ဆို့နင့်သွား၏။ သူကောင်းကောင်းမှတ်မိသွား၏။ ဒီမျက်လုံးတစ်ဖက်တည်းတွင် ဖြစ်ပေါ်နေသည့် နူးညံ့မှု၊ ကြင်နာမှု၊ မြတ်နိုးမှု။ သူ့ကိုဒီလိုကြည့်တတ်တဲ့သူက ဤကမ္ဘာလောကထဲတွင် တစ်ယောက်တည်းသာရှိသည်။ ထိုတစ်ယောက် ... သူက မမမြတ်ဟုခေါ်သော ခင်ဖုန်းမြတ်သာ ဖြစ်၏။ ခင်ဖုန်းမြတ်က ဝမ်းသာဝမ်းနည်းခေါ်လိုက်သည်။

"မမမြတ် ... မမမြတ်ဟုတ်ပါတယ်နော်။ ညီမလေးလေ ...။ ညီမလေးခင်ဖုန်းလတ်လေ မှတ်မိပြီလား ..."

ခင်ဖုန်းမြတ်က ခေါင်းညိတ်ပြ၏။ သူ့စိတ်တွေက မီးလောင်ဒဏ်ရာရပြီးကတည်းက ကယောင်ခြောက်ခြားဖြစ်နေ





တတ်သည်။ ယခုလည်း ခင်ဖုန်းလတ်ကိုမမှတ်မိ။ လည်ပင်းက ဆွဲကြိုးကလေးကိုသာ မမြင်ရလျှင် သူ့လက်ဖြင့်သတ်မိဦးမည်။

ခင်ဖုန်းလတ် မျက်ရည်တွေကျလာ၏။ သူ့အစ်မဒီလောက်ရုပ်ပျက်ဆင်းပျက်ဖြစ်လိမ့်မည်ဟု သူမထင်ခဲ့။ မီးလောင်ဒဏ်ရာတွေက တစ်ခါက အင်မတန်လှခဲ့သော မမမြတ်ကို ကြောက်စရာရုပ်ဆိုး အကျည်းတန်ကြီးဘဝရောက်အောင် ဖန်တီးခဲ့လေသည်။

"မမမြတ် ... ဘာမှစိုးရိမ်မနေနဲ့။ မမမြတ်ကို ညီမလေးစောင့်ရှောက်မယ်။ လတ်လတ်တို့ညီအစ်မအရင်ကလိုပဲ အတူတူပြန်နေကြမယ်"

ခင်ဖုန်းလတ်က အားတက်သရောပြောလိုက်သော်လည်း ခင်ဖုန်းမြတ်ထံမှ 'အင့်'ကနဲအသံတစ်ချက်က ထွက်ပေါ်လာသည်။ ပြီးတော့ မျက်နှာပေါ်တွင် နာကျင်မှုဝေဒနာဖုံးလွှမ်းလာပြီး၊ ရှေ့ကိုမှောက်လျက်လဲကျသွားသည်။

အခုမှ ခင်ဖုန်းမြတ်နောက်တွင်ရပ်နေသော ဒေါ်ဂျမ်းဘုံကိုတွေ့ရ၏။ ဒေါ်ဂျမ်းဘုံလက်ထဲတွင် သွေးစွန်းနေသောဓါးတစ်လက် ကိုင်ထား၏။ ဒေါ်ဂျမ်းဘုံက နောက်မှရောက်လာသော၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းလတ်ကို အန္တရာယ်ပြုနေသည်အထင်ဖြင့် ခင်ဖုန်းမြတ်ကျောကုန်းအား ဓါးဖြင့်ထိုးစိုက်လိုက်ခြင်းဖြစ်၏။ ဒေါ်ဂျမ်းဘုံက တွေဝေနေကာ ဘာလုပ်ရမှန်းမသိဖြစ်မေသော ခင်ဖုန်းလတ်ကို ပြောလိုက်သည်။

"မင်း အန္တရာယ်မရှိတော့ပါဘူး လတ်လတ်။ မိစ္ဆာမကြီးကို ငါသတ်လိုက်ပါပြီ"





ဒီတစ်ခါကျင်းပသော အသုဘပွဲကမှ ခင်ဖုန်းမြတ်၏အစစ်အမှန် အသုဘပွဲဖြစ်သည်။ ရန်ကုန်မြို့မှ အဘွားလည်းရောက်လာသည်။ သူတို့မရှိရင် မဖြစ်။ ရဲက ... ကိုဝင်းထွဋ်ကိုလူသတ်မှု မသက်ာမှု၊ လူသတ်မှု ပူးပေါင်းကြံစည်မှုတို့ဖြင့် အရေးယူထားရာ အိမ်တွင် ခင်ဖုန်းလတ်နှင့် ကေသီလေးသာရှိ၏။ ဒေါ်ဂျမ်းဘုံလည်း ခင်ဖုန်းမြတ်ကို သတ်မှုဖြင့် အရေးယူခံထားရသည်။ဖြုန်းကနဲကြည့်လျှင် ရှုပ်ထွေး၍နေ၏။ သို့သော် ...

ကိုဝင်းထွဋ်ထွက်ဆိုချက်အရ ပြောရလျှင်မူ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းထွဋ်သည် သူ့ဇနီးခင်ဖုန်းမြတ်ကို အင်မတန်ချစ်သူဖြစ်၏။ တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝကပင် သူတို့တွေချစ်သူတွေဖြစ်ခဲ့၏။ သူတို့တွင် ချစ်စရာကောင်းသောသမီးလေးတစ်ယောက်ရှိသည်။ သူတို့အိမ်ထောင်ရေးကလည်း အင်မတန်အဆင်ပြေ၍နေသည်။

သို့သော် ...

တစ်နေ့တွင် ...

ထိုနေ့မှာ ခင်ဖုန်းလတ်၏ (၁၈)နှစ်ပြည့်မွေးနေ့ဖြစ်သည်။ ကားမှောက်မှုတစ်ခုဖြစ်ကာ ခင်ဖုန်းမြတ်သည် သေမလောက်ဒဏ်ရာတွေရခဲ့၏။ ဆေးရုံပေါ်တွင် လနှင့်ချီ၍ကုသမှုခံယူရကာ၊ ကားမှောက်စဉ်ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် သူ့ရုပ်ခန္ဓာတစ်ခုလုံးမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့ရ၏။ ရုပ်ဆင်းအင်္ဂါချို့ယွင်း ပျက်စီးသည့်အထဲတွင် အကြားအာရုံလည်း ချို့တဲ့သွား၏။ စကားလည်း ပြောဆိုနိုင်ခြင်းမရှိတော့။





စိတ်ကလည်း ပုံမှန်မဟုတ်ပဲ ကယောင်ခြောက်ခြားဖြစ်၍ နေသည်။

သူ့မိန်းမ ဘယ်လိုအခြေအနေမျိုးကိုပဲရောက်ရောက် မေတ္တာမပျက်နိုင်သူကတော့ ကိုဝင်းထွဋ်ပင်ဖြစ်၏။ သူကသူ့မိန်းမကို ချစ်ခင်စိတ်အပြင် သနားသောစိတ်ပါရောစွက်ကာ၊ ဂရုတစိုက်ရှိခဲ့၏။ ခင်ဖုန်းမြတ်၏ညီမ ခင်ဖုန်းလတ်မှာကလည်း ကားတိုက်မှုဖြစ်စဉ်ကြောင့် ပြင်းထန်သောစိတ်ဒဏ်ရာရသူ ဖြစ်လေရာ၊ ရန်ကုန်ရှိ အဘိုးအဘွားများထံ ပြန်လွှတ်လိုက်ရသည်။ သူ့အစ်မ၏ပုံစံကိုမြင်ရပါက ချက်ချင်းပင်ရူးသွပ်သွားနိုင်လေသည်။

နောက် ... ခင်ဖုန်းမြတ်ကို ဆေးရုံကပြန်ခေါ်လာသောအခါ၊ အိမ်တွင်ပြုစုရန် သူနာပြုဆရာမတစ်ယောက် ငှားထားရလေသည်။ ထိုချောချောဆိုသည့် သူနာပြုဆရာမလေးမှာ သဘောကောင်းသူဖြစ်ကာ၊နေ့ရောညပါ ခင်ဖုန်းမြတ်ကို စေတနာနှင့် ပြုစုပေး၏။

ခင်ဖုန်းမြတ်ကား အလိုလိုစိတ်တိုစိတ်ဆတ်၍ နေသည်။ ဘာကိုမှ အလိုမကျဖြစ်၍နေသည်။ တစ်ခါတစ်ရံ သူ့ကိုကြည့်ရသည်မှာ အရူးတစ်ယောက်နှင့်ပင် တူနေ၏။ သို့သော်ဝင်းထွဋ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ နားလည်ခွင့်လွှတ်နိုင်သည်။ ဘယ်သူမဆို ခင်ဖုန်းမြတ်နေရာရောက်နေလျှင် ဤကဲ့သို့ပင်ခံစားရမှာ သေချာသည်။ ခင်ဖုန်းမြတ်၏ရုပ်အဆင်းသဏ္ဍာန်ကား အနီးစပ်ဆုံးပြောရလျှင် သရဲတစ်ကောင်ကဲ့သို့ပင် ဆိုးဝါးကာ အကျည်းတန်နေ၏။ ထို့ကြောင့် သူ့အခန်းထဲတွင် သူ့ရုပ်သူပြန်မမြင်နိုင်စေရန် မှန်တွေကိုဖယ်ရှားထားရ၏။ သို့တိုင်အောင် ခင်ဖုန်းမြတ်ကား သူ့ရုပ်ရည်ဆိုးဝါးမှုန်းရိပ်စားမိပုံရ၏။ ကလေးတွေ့လျှင် ထိတ်လန့်မည်စိုးသည့်အတွက် ကလေးကို ဤအခန်းထဲမဝင်ရအောင် ဂရုတစိုက်စောင့်ကြည့်နေရ၏။ ကေသီကလေး မေးတိုင်း ...

"မေမေက နေမကောင်းသေးဘူး။ နေကောင်းရင် သမီးနဲ့တွေ့ရမယ်" ဟုဝင်းထွဋ်က ညာကာပြောထားရ၏။

ဤရက်များအတွင်းမှာပင် ဆိုးဝါးသောဖြစ်ရပ်တစ်ခုဖြစ်ပွားလာ၏။ စိတ်ကမူမမှန်သောခင်ဖုန်းမြတ်သည် သူနှင့်ချောချောကို အထင်မှားအမြင်မှား ဖြစ်၍လာသည်။ တိတ်တိတ်ပုန်းသူ့ကွယ်ရာတွင် ချစ်ကြိုက်နေကြသည်ဟု ထင်မြင်လာ၏။သို့ပြင်တစ်ရက်တွင် ...

သူ့ကို အနီးကပ်ပြုစုနေသော ချောချောအား ဓါးဖြင့်





ထိုးကာ သတ်ပစ်လိုက်လေသည်။ ခေါင်းမီးတောက်ရသူကတော့ဝင်းထွဋ်သာဖြစ်သည်။ ဒုက္ခိတဇနီးသည်မှာ အနားကပြုစုပေးမဲ့သူရှိမှ နေနိုင်သည်။ ဤဇနီးသည်ကို ထောင်ထဲပို့ဖို့တော့မဖြစ်နိုင်။ ဒါကြောင့် သူက တတ်နိုင်သမျှ ဖုံးဖိရသည်။

သူ့ဇနီးဖြစ်သူ ရုတ်တရက်ရောဂါဝေဒနာ ဖောက်ပြန်ကာ၊ ကွယ်လွန်သွားသည်ဟု သတင်းလွှင့်လိုက်ရသည်။ မြေတိုက်ခန်းထဲ ခင်ဖုန်းမြတ်ကိုပို့ကာ ဖွက်ထားရ၏။ ချောချောအလောင်းကို မှာထားသောခေါင်းထဲထည့်ကာ၊ ခင်ဖုန်းမြတ်၏အဝတ်အစားများ ဝတ်ဆင်ပေးရသည်။ ယုတ္တိရှိစေရန် ခင်ဖုန်းမြတ်ဆွဲထားသော အမြဲဆွဲနေကျဆွဲကြိုးကိုလည်း ဆွဲပေးလိုက်ရသည်။ မျက်နှာရုပ်ပျက်ဆင်းပျက်ဖြစ်နေသဖြင့် အများမမြင်စေလိုဟူသော အကြောင်းပြချက်ဖြင့် ပိုးပုဝါအနက် လွှမ်းအုပ်ထားလိုက်၏။ ထိုပိုးပုဝါအပေါ်မှာ ပန်းပွင့်တွေကြဲဖြန့်ထားလိုက်၏။ ဘယ်သူကမှ ပိုးပုဝါမျက်နှာဖုံးအနက်ကို လှန်လှောကာ မကြည့်ကြ။

သူ့အသုဘအခမ်းအနားသို့ လူအနည်းအငယ်ရောက်လာခြင်းသောအခါ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသဖြင့် ကြည့်ရှုရန်



www.burmeseclassic.com

www.burmeseclassic.com



မတင့်တယ်ဟူသော အကြောင်းပြချက်ဖြင့် ခေါင်းဖုံးကို အသေပိတ်ထားလိုက်သည်။ ဒီကြားထဲမှာ မထင်မှတ်သည့်ပြဿနာက ပေါ်ပေါက်လာ၏။ ရန်ကုန်မှ အသုဘပို့ရန်ရောက်လာသည့် မင်ဖုန်းလတ်က သူ့အစ်မခင်ဖုန်းမြတ်သည် မသေဆုံးသေး။ ခေါင်းထဲတွင် အသက်ရှင်လျက်ရှိသေးသည်ဟု တထစ်ချပြောဆိုကာ၊ ခေါင်းဖုံးကို အတင်းဖွင့်ခိုင်းခဲ့ခြင်းဖြစ်၏။ ခေါင်းဖုံးသာဖွင့်လိုက်ရလျှင် သူကြံစည်ထားသမျှ ပျက်စီးကုန်ပေတော့မည်။ ဒါကြောင့် ခေါင်းဖုံးဖွင့်ပြဖို့အရေးကို သူ ... အကြောက်အကန်ငြင်းဆန်ခဲ့ရ၏။

ခေါင်းကို ဂူသွင်းမြှုပ်နှံပြီးသည့်နောက်တွင်မူ သူ့အတွက် အတော်ပင် အဆင်ပြေသွားသည်။ သူနာပြုဆရာမချောချောသည် အလုပ်ထွက်ကာ မြို့ပြန်သွားသည်ဟု သတင်းဖြန့်လိုက်သည်။ ချောချောသေဆုံးရခြင်းအတွက် နစ်နာကြေးအဖြစ် ငွေ (၁၀)သိန်းကို စခန်းမြိုင်ရှိ ချောချောခင်ပွန်းကိုလှိုင်ဝင်းထံ အမည်မဖော်ပဲ ပေးပို့ခဲ့၏။ ဤမျှလုပ်ခဲ့သည့်တိုင်အောင် သူ့ရင်ထဲတွင် လိပ်ပြာမသန့်ပဲ ရှိသေးသည်။ လူသတ်မှုကြီးတစ်မှုကို လျှို့ဝှက်ဖုံးကွယ်ထားရသည့်အတွက်လည်း အပြစ်မကင်းသလိုခံစားနေရ





သည်။ သို့သော် ... ခင်ဖုန်းမြတ်အပေါ် ချစ်ခင်သနားသည့်စိတ်က ထိုအခက်အခဲတွေကို ကျော်လွှားနိုင်စေခဲ့သည်။

သူ့ဇနီးခင်ဖုန်းမြတ်ကား တကယ်ပင် သနားစရာကောင်းသည့်သူဖြစ်သည်။ အင်မတန်ချောမောလှပသူအဖြစ်မှ မကြည့်ရဲလောက်အောင်ပင် အရုပ်ဆိုးအကျည်းတန်သူဖြစ်ခဲ့ရ၏။ ချောချောကား အင်မတန်အလှကြိုက်သူဖြစ်ရာ မှန်ကြည့်ခွင့်မပေး၍ မကြည့်ရသော်လည်း သူ့မျက်နှာကိုလက်ဖြင့်စမ်းသပ်ကာ သူဘယ်လောက်အရုပ်ဆိုးသည်ကို ခန့်မှန်းမိပုံရ၏။ အဆိုးဝါးဆုံးက မီးလောင်ဒဏ်ရာကြောင့် ဆွံ့အကာ နားပင်းသည့်ဘဝရောက်ရှိသွားခြင်းဖြစ်၏။

ခင်ဖုန်းမြတ်အတွက် မြေတိုက်ခန်းကို နေထိုင်ချင်စဖွယ်ဖြစ်အောင် ပြင်ဆင်ပေးခဲ့သည်။ မီးဖိုခန်းထဲမှတစ်ဆင့် မြေတိုက်ခန်းသို့ဆင်းရာ တံခါးကိုအသေသော့ခတ်ကာ ပိတ်ထားလိုက်သည်။ အများအမြင်တွင် အသုံးမပြုပဲ ပစ်ထားသောအခန်းအဖြစ် မြင်တွေ့စေရန်ဖြစ်၏။ ပြီးတော့ ထိုမြေတိုက်ခန်းမှတစ်ဆင့် အိမ်ထဲသို့ဝင်နိုင်သော လျှို့ဝှက်စင်္ကြံလမ်းတစ်ခုကို သူဖန်တီးတည်ဆောက်ပေးခဲ့ရသည်။ ထိုလမ်းကို အသုံးပြုခြင်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်းကောင်း၊ ခင်ဖုန်းမြတ်သည်လည်းကောင်း အများကမမြင်တွေ့စေဘဲ အိမ်ထဲမှမြေတိုက်ခန်းသို့လည်းကောင်း၊ မြေတိုက်ခန်းမှ အိမ်ထဲသို့လည်းကောင်း သွားလာနိုင်ခဲ့ကြသည်။

ခင်ဖုန်းမြတ်ကို ချစ်လွန်းသောဝင်းထွဋ်သည် အစစစစအရာရာအနှံ့တာခံကာ ခင်ဖုန်းမြတ်လိုအပ်သမျှ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ခင်ဖုန်းမြတ်ကား ဖိစီးနှိပ်စက်သော ဒဏ်ရာဒဏ်ချက်များကြောင့် စိတ်တွင်လည်းထိခိုက်ဒဏ်ရာရနေသူဖြစ်၏။ တစ်ခါတစ်ရံ စိတ်ကောင်း။ တစ်ခါတစ်ရံတွင် ဖောက်ပြန်သောစိတ်။ သူသည် တချို့အရာများကို မမှတ်မိ။ သို့သော် ... သူ့သမီးလေးကေသီနှင့် သူ့ခင်ပွန်းမိမိကိုတော့ ကောင်းစွာမှတ်မိ၏။

ခင်ဖုန်းမြတ်ကို မြေတိုက်ခန်းထဲ၌ လျှို့ဝှက်ထားသည့်အကြောင်းကို ကိုဝင်းထွဋ်အပြင် တခြားသိသူတစ်ယောက်မှာ ကိုဝင်းထွဋ်အဘိုး ဦးဘအိုသာဖြစ်သည်။ ဦးဘအိုက ယခုလိုလုပ်ဆောင်နေသည်ကို သဘောမကျသော်လည်း သူ့မြေးစိတ်ချမ်းသာပါစေတော့ဟူ၍ ရေငုံနှုတ်ပိတ်နေခဲ့၏။ နေ့ဘက်တွင် မြေတိုက်ခန်းထဲ၌ ဆိတ်ဆိတ်ငြိမ်ငြိမ်နေသော်လည်း ခင်ဖုန်းမြတ်သည် ညဘက်ရောက်လျှင် လျှို့ဝှက်အပေါက်မှ အိမ်ထဲသို့ဝင်ကာ





နေရာအနှံ့ လျှောက်သွားနေတတ်သည်။

အထူးသဖြင့် သူ့သမီးလေးကေသီရှိရာ အခန်းသို့သွားရောက်ကာ အိပ်နေသောသမီးကလေးကို အလွမ်းပြေကြည့်တတ်၏။ တစ်ရက်တွင် သူ့အနားသို့ရှိစဉ် ကေသီကလေးနိုးလာကာ၊ လန့်ဖျား ဖျားတော့သည်။ ထို့ကြောင့်ပင် (၇)နှစ်ခန့်ကြာမြင့်အောင် ဤအိမ်ကြီးနှင့်ကင်းကွာနေသော ခင်ဖုန်းလတ်သည် ဤအိမ်ကြီးသို့ ပြန်လည်ရောက်ရှိလာ၏။ ဤတွင်ပင် ဇာတ်အစကလို ပြဿနာများ ဖြစ်ပေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်ကြီးတွင် အိမ်ဖော်မမြ။ ဌားရမ်းထားသော အိမ်ဖော်တို့သည် ညအခါ ပျောက်သွားနေဟတ်သော ခင်ဖုန်းမြတ်ကိုမြင်ကာ သရဲထင်ကြောက်လန့်ပြီး တားမရဆီးမရအလုပ်ထွက်၍သွားကြသည်။ တကယ်တော့ သရဲနှင့်တူသော ခင်ဖုန်းမြတ်အပြင် ဤအိမ်ကြီးတွင် အစစ်အမှန်သရဲတစ်ကောင်လည်းရှိနေ၏။ ထိုသရဲကား အသတ်ခံလိုက်ရသော ချောချောပင်ဖြစ်သည်။ အစိမ်းသေသေသွားရာသော ချောချောသည် မကျွတ်မလွတ်နိုင်ပဲ ဤအိမ်ကြီးတွင် သရဲဖြစ်လျက်ရှိသည်။

ဝင်းထွဋ်ပင် နှစ်ကြိမ်သုံးကြိမ်မြင်ဖူး၏။ အခိုးအငွေ့အဖြစ် မြင်ရခြင်းဖြစ်သည်။ (ခင်ဖုန်းလတ်တစ်ကြိမ်မြင်ခဲ့ရသောအခိုးအငွေ့မှာ ထိုမိန်းမချောချောသာလျှင်ဖြစ်လေသည်။) ခင်ဖုန်းလတ် ရောက်လာ၍နေထိုင်သောအခါ စိတ်ကောင်းစွာမမှန်သော ခင်ဖုန်းမြတ်သည် ညီမဖြစ်သူကို မမှတ်မိပဲရှိ၏။ ခင်ဖုန်းလတ်ကို သူ့စိမ်းမိန်းမတစ်ဦးဟုယူဆကာ ဝင်းထွဋ်နှင့်မသင်္ကာဖြစ်နေပြန်





သည်။ ဝင်းထွဋ်က ခင်ဖုန်းမြတ်သည် ခင်ဖုန်းလတ်အား မနာလိုစိတ်ဖြင့် ချောချောတုန်းကလို သတ်ဖြတ်ပစ်လိုက်မှာ စိုးရိမ်နေ၏။

ထို့ကြောင့်ခင်ဖုန်းလတ်ကို ပြန်စေချင်သော်လည်း ခင်ဖုန်းလတ်ကလက်မခံပဲ ခေါင်းမာ၍နေသည်။ ကြားထဲကအခက်ကြုံရသည်က ဝင်းထွဋ်ဖြစ်၏။ ခင်ဖုန်းမြတ်ကိုလည်း ရှင်းပြ၍မရ။ ခင်ဖုန်းလတ်ကိုလည်း ရှင်းပြ၍မဖြစ်။ ခင်ဖုန်းမြတ်သွားလာနေသည်ကို ခင်ဖုန်းလတ်ကိုယ်တိုင်လည်း တွေ့မြင်သွားသည်။ ဒေါ်ဂျမ်းဘုံနှင့်ကေသီလေးတို့ကလည်း ရိပ်မိနေသည်။ ဝင်းထွဋ်က အဖြစ်မှန်တွေပေါ်ပေါက်မှာ စိုးရိမ်နေရ၏။

တစ်ရက်တွင် ဒေါသဖြစ်နေသောခင်ဖုန်းမြတ်သည် ခင်ဖုန်းလတ်အခန်းထဲသို့ ဝင်ရောက်ကာ၊ ပစ္စည်းတွေကို ဖျက်ဆီး၍သွားသည်။ ဤကိစ္စမှာ ခင်ဖုန်းမြတ်လက်ချက်မှန်း ဦးဘအိုကသိသည်။ ဒါကြောင့်ဦးဘအိုက ဝင်းထွဋ်ကို အပြစ်တင်စကားပြောသည်။ ဆူပူကြိမ်းမောင်းသည်။ ထိုအဖြစ်ကိုတွေ့မြင်သွားသော ခင်ဖုန်းမြတ်သည် ဦးဘအိုအားလေ့ကားပေါ်မှတွန်းချကာ သတ်ဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ပို၍ကြီးထွားသွားသည်။ ခင်ဖုန်းလတ်က သူ့ကိုပို၍ သက်ဘ်းမကင်းဖြစ်လာသည်။ သူနှင့်တွဲနေသောရဲအုပ်မင်းဇော်၏အကူအညီဖြင့် အလောင်းကိုဖော်ထုတ်စစ်ဆေးသည်အထိ လုပ်လာ၏။ စခန်းမြို့သို့သွားကာ ချောချောခင်ပွန်း ကိုလှိုင်ဝင်းနှင့် တွေ့ဆုံခဲ့သည်။ ဤအဖြစ်ကို သူတာရှည်ဆက်ကာ လျှို့ဝှက်ထားဖို့ ခက်သထက်ခက်ခဲလာပါလေတော့သည်။





ခင်ဖုန်းလတ်ကဂေါ်ပြားဖြင့် ရိုက်လိုက်သဖြင့် သတိမေ့နေသော ဝင်းထွဋ်ပြန်လည်သတိရလာသောအခါ၊ ကိစ္စတွေက အားလုံးပြီးစီးသွားလေပြီ။ ခင်ဖုန်းမြတ်သည် ဒေါ်ဂျမ်းဘုံခါးဖြင့် ထိုးသဖြင့် သေဆုံးသွားရလေသည်။ ခင်ဖုန်းမြတ်အလောင်းကို ဖက်၍ ငိုကြွေးနေသောခင်ဖုန်းလတ်ကိုကြည့်ကာ၊ ဒေါ်ဂျမ်းဘုံက နားမလည်နိုင်သလို ကြောင်ငေးရင်းရပ်ကြည့်နေ၏။

သူကပင်ဖုန်းဆက်ခေါ်လိုက်သဖြင့် ရဲတွေရောက်လာသည်။ ကိုမင်းဇော်လည်းပါလာ၏။ သူက ...

"ဖော်ထုတ်ခဲ့တဲ့အလောင်းကို စစ်ဆေးပြီးပြီ။ အဆိပ်မိတဲ့ လက္ခဏာမတွေ့ရဘူး" ဟုဆိုသည်။

"ဘယ်တွေ့ရမလဲ။ သူက အဆိပ်မိသေတာမှမဟုတ်ပဲ။ ခါးထိုးခံရလို့ သေဆုံးခဲ့တာပဲ"

ဟုကိုဝင်းထွဋ်က ပြောကာ၊ ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ဟဝန်ခံချက်ပေးလိုက်သည်။ ကိုမင်းဇော်က ...



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှုကို ဖုံးကွယ်မှု၊ အလောင်းဖျောက်ဖျက်မှု၊ ကြံရာပါမှုတွေနဲ့ ခင်ဗျားရုံးမှာ ရင်ဆိုင်ရလိမ့်မယ် ကိုဝင်းထွဋ် ..."

"ကျွန်တော်ချစ်တဲ့ ခင်ဖုန်းမြတ်မှမရှိတော့ပဲဗျာ။ လောကမှာ ကျွန်တော်တွယ်တာစရာမရှိတော့ပါဘူး။ ဘယ်လိုအခြေအနေမျိုးကိုမဆို ရင်ဆိုင်ဖို့အဆင်သင့်ပါပဲ"

ဒေါ်ဂျမ်းဘုံမှာလည်း ခင်ဖုန်းမြတ်ကိုသတ်မှုဖြင့် အဖမ်းခံခဲ့ရလေသည်။ သနားစရာအကောင်းဆုံးသူကား ကေသီလေးသာဖြစ်သည်။ အမေကမရှိတော့၊ အဖေက ဥပဒေကပေးသောအပြစ်ကိုခံရပေတော့မည်။ ခင်ဖုန်းလတ်ရန်ကုန်ပြန်လာသောအခါ ကေသီလေးကိုတစ်ပါတည်းခေါ်လာခဲ့ကော့သည်။ အစ်မဖြစ်သူကိုယ်စား သူ့ဘဝ၊ သူ့အိပ်မက်၊ သူ့အချစ်တွေကိုကေသီလေးအပေါ်မှာသာ စုပြုံပုံအပ်လိုက်ရပေတော့သည်။

စိတ်ရောကိုယ်ပါချမ်းသာကြပါစေ

ဒေဝစကြာ

(၂၀၀၉ - နိုဝင်ဘာ)





# အမှာစကား

(၁)

မြန်မာစာပေလောကတွင် ဂမ္ဘီရစာပေအမျိုးအစားတစ်ခု ခေတ်စားနေခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း တစ္ဆေသရဲဝတ္ထုဟုခေါ်ကြသော Horror အမျိုးအစားစာပေ ခေတ်စားလာသည်မှာ နှစ်ကာလမကြာမြင့်လှသေးဟု ထင်ပါသည်။ ထိုစာပေမျိုးကို မြန်မာစာပေခေတ်ဦးကာလကပင် ဆရာမကြီးဒေါ်ဒဂုန်ခင်ခင်လေး (ကိုကိုလေး အမည်ဖြင့်)၊ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့ ရေးသားခဲ့ကြဖူးလေသည်။ (ယခုအခါ ထိုစာအုပ်များကို ပြန်လည်ထုတ်ဝေနေသဖြင့် အလွယ်တကူဝယ်ယူ ဖတ်ရှုနိုင်လေသည်။)

တစ္ဆေသရဲ ဝတ္ထုများသာမက၊ စုန်းကဝေအတတ်နှင့်အောက်လမ်း အထက်လမ်းပညာရပ်တွေကို ရောမွှေကာ ဇာတ်လမ်းဆင် ရေးသားသည့် မြစကြာ၊ မော်စက်ရှင်၊ မော်စက်ရောင်စသည့် ဆရာကြီးများ၏ဝတ္ထုများလည်း တစ်ခေတ်တလှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်များကာ ခေတ်စားခဲ့ဖူးလေပြီ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတစ်ခေတ်တွင် ထိုဝတ္ထုအမျိုးအစားများကို ပိတ်ပင်ထားခဲ့၏။ ယခုအခါ စုန်းကဝေဝတ္ထုများကို ခွင့်မပြုသော်လည်း တစ္ဆေသရဲဝတ္ထုများကို ပြန်လည်ထုတ်ဝေခွင့်ပြုခဲ့သည်။ လုံးခြင်းအဖြစ်မထုတ်ဝေခင်ကပင်၊ဂမ္ဘီရမဂ္ဂဇင်းများတွင် ထိုဝတ္ထုများကို စတင်ကာဖတ်ရှုခဲ့ကြရ၏။ လုံးခြင်းဝတ္ထုအဖြစ် ထုတ်ဝေခွင့်ရသောအခါ စာပေအမျိုးအစားသစ် အရသာသစ်ဖြစ်သဖြင့်၊ စာဖတ်သူအတော်များများကပင် အားပေးဖတ်ရှုခဲ့ပါသည်။ သတိုးတေဇ၊ ဒဿကျော်စွာ စသည့်စာရေးဆရာများ၏ စာအုပ်များမှာ ရောင်းတန်းဝင်ခဲ့ပါသည်။ စာပေလောကတွင် ငါးပွက်ရာ ငါးစာချ ဆိုသကဲ့သို့ တစ္ဆေသရဲ စာအုပ်များရောင်းရသည် ဆိုသောအခါ၊ စာပေတိုက်တိုင်း လိုလိုကပင်၊ ထိုစာအုပ်အမျိုးအစားတွေကို အလုအယက် ထုတ်ဝေလာကြရာ ၊ ယခုအခါ ဖေါင်းပွသည်ဟု ခေါ်နိုင်သော အဆင့်သို့ ရောက်ရှိနေလေသည်။ ပြဿနာ မဟုတ်ပါ။ စာရှုသူက ရွေးချယ်ဆုံးဖြတ်ကြပါလိမ့်မည်။ မကောင်းသော၊ အရည်အသွေး





အဆင့်အတန်းမရှိသောဝတ္ထုများမှာ သူ့ဖာသာမေးမှိန်ပျောက်ကွယ်သွားပါလိမ့်မည်။

(၂)

တချို့က ဤစာပေမျိုးကို မနှစ်မြို့။ တကယ်တော့ ... ရသကိုးပါးတွင်.ထိတ်လန့်ခြောက်ခြားကြောက်ရွံ့အောင် ဖန်တီးပေးနိုင်သောရသကို 'ဘယာနကရသ' ဟုသတ်မှတ်ကာ အဆင့်တစ်ဆင့် ပေးထားပြီးဖြစ်ပါသည်။ နိုင်ငံတကာဖျော်ဖြေရေးနယ်ပယ်တွင်မူ ဤရသ Horror သို့မဟုတ် Super natural အနုပညာမျိုးမှာ ထိပ်ဆုံးရောက်နေသည်ကို တွေ့ရပါသည်။ ဥပမာ အမေရိကားတွင် အရောင်းရဆုံးစံချိန်ကို နှစ်ရှည်လများထိန်းထားနိုင်သည့် စတက်ဖင်ကင်း၏ဝတ္ထုများ၊ ဗြိတိသျှက ဂျေကေရိုးလင်း၏ဟယ်ရီပေါ်တာဝတ္ထုအတွဲများ။ သူသည်စာရေးခရသောငွေဖြင့် ဘုရင်မထက်ချမ်းသာသောသူ အဆင့်ရောက်၍နေလေသည်။ မကြာခင်က ရုံတင်ခဲ့သော new moon ဇာတ်ကားသည် အမေရိကားရုပ်ရှင်သမိုင်း၌ ဝင်ငွေစံချိန်သစ်တင်ခဲ့သည်။ မနှစ်ကတင်ဆက်ခဲ့သည့် twilight ဇာတ်ကား၏အဆက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကတင်ဆက်ခဲ့သည့် twilight ဇာတ်ကား၏အဆက် ဖြစ်သည်။ သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်း ဖြစ်၏။ (ဝတ္ထုအဖြစ်ထုတ်ဝေရာလည်း အောင်မြင်လျက်ရှိသည်။) ကမ္ဘာ့ဂန္ထဝင်တစ်ရာစာအုပ်စာရင်း သတ်မှတ်သောအခါ ဒရက်ကူလာ၊ ဖရန့်ကင်စတိန်းစသောတစ္ဆေသရဲဝတ္ထုများသည် အမြဲပါဝင်၏။ အနောက်တိုင်းစာပေကိုလေ့လာသောအခါ ထိုသရဲတစ္ဆေမျိုးကို သရုပ်မှန်စာရေးဆရာများဆိုသည့် နာမည်ကျော်ဂျွန်စတိုင်းဘတ်၊ ဂျက်လန်ဒန်၊ အိတ်ချ်ဂျီဝဲလ်၊ ချားဒစ်ကင်း၊ အာသာကွန်နင်ဒွိုင်း စသူတို့၏စာများကိုပင် တွေ့ရပါသည်။ ထိုမျှသာမက ခေတ်ပေါ်စာရေးဆရာများဖြစ်သည့် ကောလင်းဝီလ်ဆင်၊ ဗါဂျီနီးယားဝုစ်၊ မြူရယ်စပတ်၊ ဒေါနယ်ဘာလ်သမ်တို့လည်း တစ္ဆေသရဲဝတ္ထုရေးတာ ဖတ်ရှုဖူးပါသည်။ Kind of Literature fantasy အမျိုးအစားတစ်ခု (Literay ghost novels,) အဖြစ်သတ်မှတ်ပါသည်။ အဆင့်အတန်းမရှိ အညံ့စားစာပေဟုဆိုကြသည်မှာ ခြေခြေမြစ်မြစ်မသိပဲ ဝါးလုံးရှည်နှင့်ယမ်းခြင်းသာ ဖြစ်ပါသည်။

တချို့ကဒီဝတ္ထုတွေဖတ်ကာ ကလေးသူငယ်တွေကြောက်ရွံ့တုန်ကြမယ်ဟု စိုးရိမ်သလို စကားဆိုပါသည်။ ဤအတိုင်း





သာဆိုလျှင် ကမ္ဘာအရပ်ရပ်ရှိ ကလေးကစားကွင်းများ၌ (မြန်မာပြည်၌လည်းရှိပါသည်။) သရဲရထား၊ တစ္ဆေခြောက်သောအိမ်ကြီး စသည်တို့ကို ထားနေရန်လိုမည်မထင်ပါ။ ကလေးတွေအင်မတန်ကြိုက်နှစ်သက်စွာ ဖတ်နေကြသည့်ရှု့နေသော (ရုပ်ပြကာတွန်း၊ ကာတွန်းရုပ်ရှင်၊ လူရုပ်ရှင်အမျိုးမျိုးရှိသော) စကူဘီဒူးဇာက်စပါစသော ဇာတ်များမှာ တစ္ဆေသရဲဇာတ်များသာဖြစ်ပါသည်။ ထိုဇာတ်ကောင်မှတ်ရုပ်များကို ကမ္ဘာတစ်ဝှမ်းလုံးမှ ကလေးများ အမြတ်တနိုးဝတ်ဆင်ကြသည်။

ကလေးများအတွက် သီးသန့်တစ္ဆေသရဲဝတ္ထုများကိုပင်သူတို့ဆီ၌ အထူးထုတ်ဝေကြ၏။ ဥပမာ အနီးဆုံးစင်ကာပူနိုင်ငံမှ မစ္စတာ Midnight, စီးရီးများ။ ထိုစာအုပ်အမျိုးအစား (၄၀) လောက်ကို ဆုပြည့်စုံထွန်းစာပေမှ ဘာသာပြန်ထုတ်ဝေထားပြီးဖြစ်ပါသည်။ မူရင်းဖတ်ချင်သော် ဗိုလ်တစ်ထောင်ရှိ အိုရှင်းစင်တာ စူပါမတ်ကက်ရှိ ပေါပြူလာစာအုပ်ဆိုင်တွင် ဝယ်ယူဖတ်ရှုနိုင်ပါသည်။ ဘယ်အရာကိုမဆို သေချာစွာမသုံးသပ်ပဲ ကျဉ်းမြောင်းသော တစ်ဖက်သတ်အမြင်ဖြင့် ပြောဆိုခြင်းမျိုး မပြုသင့်ပါ။ ကျွန်တော်တို့သည် မြစကြာ၊ မော်စက်ရှင်တို့ စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မလွတ်တမ်းဖတ်လာခဲ့သော်လည်း ဘယ်သူမှ အောက်လမ်းဆရာသော်လည်းကောင်း၊ စုန်းမ သော်လည်းကောင်း ဖြစ်လာခြင်းမရှိပါ။

(၃)

တစ္ဆေသရဲဆိုသည်မှာ ၃၁ဘုံသားထဲမှ အပါယ်လေးဘုံသားတွေဖြစ်သဖြင့် (ဘုရားဟောအတိုင်း) ရှိသည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။ သို့သော် ... ကျွန်တော့်ဝတ္ထုများဖြင့် လွဲမှားသောယုံကြည်မှုများ စာဖတ်သူတို့အကြား ဖြစ်ပေါ်မလာရန် ဂရုပြုစောင်ထိန်းရေးသားခဲ့သည်ကို ကျွန်တော့်စာအုပ်များကို အဆက်မပြတ်ဖတ်ရှုသူတို့ ဂရုပြုမိသည် ထင်ပါသည်။

အောက်လမ်း၊ စုန်းကဝေစသည့် ပညာရပ်များကို အသားပေး မရေးပါ။ ရှုံ့ချ၍ပင် ရေးပါသည်။ စာအုပ်တိုင်းပင် ဘုရား တရား သံဃာ ရတနာသုံးပါးကို အဓိကအားထား ယုံကြည်ဖို့အကြောင်း အရေးထား ရေးပါသည်။ 'အဝိဇ္ဇာရဲတိုက်'လို ဝတ္ထုများတွင် သွေးစုပ်ဖုတ်ကောင်ဟူသော အယူအဆမှားယွင်းကြောင်း ထုတ်ဖော်ရေးခဲ့ပါသည်။ 'ဥပါဒါန်မုန်တိုင်း' တွင်လည်း





ဥပါဒါန်ကြောင့် ဥပါဒါန်ရောက်ရသည့်အကြောင်း ရေးဖွဲ့တင်ပြထားပါသည်။

စာဖတ်သူတို့ အပျင်းပြေဖတ်ရှုရန် အဓိကရည်ရွယ်သော်လည်း မှန်ကန်သောဦးတည်ချက်ကို မပျောက်စေရန် ဂရုပြုပါသည်။ နောင်တွင်လည်း ထိုရည်ရွယ်ချက်နှင့်သာ ဝတ္ထုများကို ရေးဖွဲ့သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ကိုယ်ရော စိတ်ပါ ချမ်းမြေ့ပါစေ
ဒေဝစကြာ
(နိုဝင်ဘာ ၂၀၀၉)



www.burmeseclassic.com

www.burmeseclassic.com

နွေ မိုး ဆောင်း ၏ လက် ရွေး စင် စာ အုပ်

# ဝိရယ

## "အချစ်က ငွတ်တယ်"

ရယ်မျော်မြူးဝတ္ထု

ချောင်းသာကမ်းခြေ အမျိုးသမီးတီးဝိုင်းတစ်ဖွဲ့
လူသတ်မှုတစ်ခု၊ ကိုးရိုးကားရားလူနှစ်ယောက်
ခွက်ထိုးခွက်လန် ရယ်မောချင်သူတွေအတွက် . . .
မကြာမီ ပျော်တော်ဆက်ပါတော့မည်။

BURMESE CLASSIC .com

နွေ မိုး ဆောင်း ၏ လက် ရွေး စင် က လောင် တစ် ချောင်း

# ဝိရယ

## "ရည်းစားတစ်ဝမ်းကွဲ"

ရယ်မျော်မြူးဝတ္ထု

ရည်းစားတစ်ဝမ်းကွဲဆိုတာ
ရည်းစားအရင်းနဲ့ ဘယ်လိုကွဲပြားသလဲ . . .။

စာဖတ်သူနှလုံးသားကို
ကလိထိုးမည့် ဇာတ်ကောင်နှစ်ကောင်
ကြွတိုင်းအောင် နဲ့ ဆောင်တိုင်မြောက် တို့ရဲ့
သပွတ်အူ ငြိမ်းဆင်မည့်ဇာတ်လမ်း . . .

ရွှင် သော သူ သည် အ သက် ရှည် ၏

www.burmeseclassic.com

www.burmeseclassic.com

# ဒေဝစကြာ

## ၁၃ ထပ် အခန်းနံပါတ် ၁၃

စာရေးသူ၏ ထုံးစံအတိုင်း
ချောက်ချောက်ချားချား အထိတ်တလန့်

မိသားစုတစ်ခုလုံး တူနှင့်ထု အသတ်ခံရရာမှ
မကျွတ်နိုင်ဘဲ မှီခိုနေသည့်အခန်းကို
တခြားမိသားစု ပြောင်းရွှေ့လာရာမှ စ၍...

အသက်မရှူနိုင်စတမ်း ဖတ်ရှုရဦးမည့်ဝတ္ထု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

